

# လင်းယုန်နီ

## မျောက်ပြ၍ဆန်တောင်းခြင်း

ဝတ္ထုတိုများ

mgyoe.com



မျောက်ပြ၍ ဆန်တောင်းခြင်း
သနားစရာ ပုံပြင်ပါ
မကောင်းဆိုးရွား ဆိုသည်မှာ
ကျူရှင် ကျူရှင် ကျူရှင်
အရက်
စိတ်ကူးယဉ်အိပ်မက်တစ်ခု
သတို့သမီးလေး ခင်ထွေးအကြောင်း

641072004
Price: 1500.00
TAB BOOK Centre

mgyoe.com

မျောက်ပြ၍ဆန်တောင်းခြင်း ဝတ္ထုတိုများ။ လင်းယုန်နီ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၃၀ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | လင်းယုန်နီ၏ ကိုယ်ရေးအကျဉ်း | (က) |
| ၁။ | မျောက်ပြ၍ ဆန်တောင်းခြင်း | ၁ |
| ၂။ | သနားစရာ့ ပုံပြင်ပါ | ၂၂ |
| ၃။ | မကောင်းဆိုးရွား ဆိုသည်မှာ | ၄၃ |
| ၄။ | ကျူရှင် ကျူရှင် ကျူရှင် | ၆၁ |
| ၅။ | အရှက် | ၈၁ |
| ၆။ | စိတ်ကူးယဉ်အိပ်မက်တစ်ခု | ၉၈ |
| ၇။ | သတို့သမီးလေး ခင်ထွေးအကြောင်း | ၁၁၇ |


□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com





လင်းယုန်နီ
(၁၉၂၆-၁၉၉၄)

အဖ မြို့အုပ် ဦးရွှေခင်၊ အမိ ဒေါ်သန်းတို့မှ ၁၉၂၆ ခု၊ ဧပြီ ၁၃ ရက်တွင် ပဲခူးမြို့ လိပ်ပြာကန် ရပ်ကွက်တွင် မွေးဖွားခဲ့သည်။ မွေးချင်း ကိုး ယောက်အနက် တတိယမြောက်သား။ အမည် ရင်း ဦးညီညီ ဖြစ်သည်။

ရန်ကုန်မြို့ ယောကျ်ားလေး မက်သဒစ် ကျောင်းတွင် ပဋ္ဌမတန်းမှ ဒသမတန်းအထိ ပညာ သင်ကြားခဲ့သည်။ ၁၉၄၅ ခုနှစ် ဖက်ဆစ်တော် လှန်ရေးတွင် ပါဝင်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဥပစာဝိဇ္ဇာ (က)အထိ ပညာသင်ကြားခဲ့သည်။ ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်အဖြစ် အိန္ဒိယသို့ သွားရောက်ခဲ့ သည့် အတွေ့အကြုံများကို ဆောင်းပါးများ ရေး သားခဲ့သည်။ မြဝတီမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော 'ခေတ်သစ်ကောလိပ်ကျောင်းသူ' ဝတ္ထုမှစ၍ "လင်းယုန်နီ" ကလောင်အမည် ခံယူခဲ့သည်။

၁၉၄၈ ခုနှစ်တွင် ရေးသားခဲ့သော 'ချစ်မမ' ၏အဆက် 'မမမြင့်' လုံးချင်းဝတ္ထုဖြင့် နာမည် အထူးထင်ရှားခဲ့သည်။ 'မြင့်'၊ 'ချစ်မမမြင့်'၊ 'မမ'၊ 'ချစ်သောမမ၊ ချစ်မမ' ဝတ္ထုလေးအုပ် ဆက်လက် ရေးသားခဲ့သည်။

၁၉၅၁ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံ စာရေး ဆရာအသင်းတွင် အတွင်းရေးမှူး၊ အမှုဆောင်၊

mgyoe.com

mgyoe.com


စာရင်းစစ်၊ ငွေထိန်းတာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၅၅-၅၆ ခုနှစ်တွင် မြဝတီမဂ္ဂဇင်း အယ်ဒီတာ တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ရုပ်ရှင်လောကထဲ၌ ဇာတ်ညွှန်းများ ရေးသားခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန ရုပ်ရှင်လုပ်ငန်းသို့ ဝင်ရောက်ပြီး ညွှန်ကြားရေးမှူးအဆင့်ထိ တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

လင်းယုန်နီသည် စာအုပ်ပေါင်း ၁၈ အုပ်ခန့် ရေးသားပြုစုခဲ့သည်။ ၁၉၉၄ ခု ဇွန်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေး၊ ရေစက်လမ်း၊ အမှတ် ၅၅၂ နေအိမ်တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီးနှင့် သားတစ်ဦး၊ သမီးတစ်ဦး ကျန်ရစ်ခဲ့သည်။

mgyoe.com

mgyoe.com

## မျောက်ပြ၍ ဆန်တောင်းခြင်း

"အစက ဒီကောင်မတွေ မကောင်းဘူးဆိုတာကို ကျွန်တော် မသိပါဘူး ဗျာ၊ ခုမှ ဒီကောင်မတွေဟာ မျောက်ပြပြီး ဆန်တောင်းတဲ့ ကောင်မတွေ ဆိုတာကို ကျွန်တော် သိပါတယ်။ ကျွန်တော့်ပစ္စည်းကို ပြန်ရရင် ပြီးတာ ပါပဲ။ ကျွန်တော်ပေးထားတဲ့ လက်ကောက်နဲ့ဆွဲကြိုးကို ပြန်ရရင် ပြီးတာ ပါပဲ။ အဲဒါ ခင်ဗျား လိုက်တောင်းပေးစမ်းပါ..."

ကိုထွန်းအောင်မှာ လူရိုးလူကောင်းတစ်ယောက် ဖြစ်သည်။ သို့ကြောင့်လည်း သူ့တွင်လိုအပ်နေသော အကူအညီတစ်ခုကို ကျွန်တော် သည် ပေးအပ်လိုစိတ် ရှိခဲ့ပေသည်။

သို့သော် သူ့ကိစ္စကို ကူညီရန်မှာ လွယ်ကူလှသည်မဟုတ်ပေ။ သူ့အမှုမှာ သူကိုယ်တိုင်က လူပျိုကြီးဖြစ်ရသည့်အထဲတွင် ရိုးလွန်း အလွန်းသောကြောင့် ဘယ်သူမပြု မိမိမှု ဆိုသလို ခံခဲ့ရခြင်းဖြစ်၏။ ဖြစ်ပုံအကြောင်းမှာလည်း မဆန်းလှပေ။ ကိုထွန်းအောင်သည် ဌာနတစ်ခု တွင် အထက်တန်းစာရေးကြီးတစ်ဦး ဖြစ်၏။ ခင်စောကြူမှာ သူတို့ရုံးမှ လက်နှိပ်စက်စာရေးမလေးတစ်ယောက် ဖြစ်၏။

mgyoe.com

mgyoe.com


ကိုထွန်းအောင်သည် ခင်စောကြူကို နောက်ပိုးမိသည်။ ရိုးရိုးသားသားအောက်မေ့၍ နောက်ပိုးမိခြင်းဖြစ်သည်။ နောင်သောအခါတွင်မှပင် ခင်စောကြူမှာ ယောကျ်ားများကို မြူဆွယ်၍ စားသောက်နေသော ပိုင်းလုံးမကလေးတစ်ယောက်ဖြစ်ကြောင်း သိရ၏။ ထိုအခါ ကိုထွန်းအောင်သည် သူပေးထားသော ရွှေလက်ကောက်တစ်ရန်နှင့် ရွှေဆွဲကြိုးတစ်ကုံးကို ခင်စောကြူထံမှ ပြန်လည်ရယူလို၏။ ဤသည်ကို ဖြစ်မြောက်အောင် ကျွန်တော့်ထံတွင် လာရောက်၍ အကူအညီတောင်းခံခြင်း ဖြစ်ပေသည်။

"ခင်ဗျားက ပါးစပ်ကပြောတော့ လွယ်တာပေါ့ဗျ။ ဒါပေမဲ့ သက်သေမရှိ သက်ကာယမရှိနဲ့ ခင်ဗျားဟာခင်ဗျား ပေးပြီးသားပစ္စည်းကို ပြန်တောင်းဖို့ဆိုတာက လွယ်တာမှမဟုတ်ဘဲ။ ခင်ဗျားပေးတုန်းက သက်သေရှိလို့လား..."

"ဗျာ... တိုတိုပြောကြစို့ဆိုတော့ နောက်ပိုးကြေးပေးတာပဲ၊ ဘယ်သက်သေရှိမလဲ"

"အဲဒီတော့ ဘယ်လိုလုပ်ပြီး ပြန်တောင်းမလဲဗျ"

"အစက သူက ကျွန်တော့်ကို ယူပါ့မယ်လို့ ပြောထားတယ်။ ကျွန်တော်ကလည်း သူပြောတာကို ယုံတယ်။ ကျွန်တော်တို့နှစ်ယောက် ကြိုက်နေကြတယ်ဆိုတာလည်း တစ်ရုံးလုံးက သိပါတယ်။ နောက်မှ ရုံးအုပ်လုပ်တဲ့ ခွေးမသားကြီးက ကျွန်တော့်ကို မယူရဘူးလို့ပြောတယ်ဆိုပြီး ကျွန်တော့်ကို လက်မခံတော့ဘူး။ အမှန်က ရုံးအုပ်လုပ်တဲ့ ခွေးမသားကြီးက ကောင်မလေးကို အပိုင်ကြံနေတာ..."

"ဒါကတော့ ထားပါ...၊ ပြန်တောင်းရင် ရနိုင်စရာကော ဘာအကြောင်းရှိလို့လဲ..."

"ကျွန်တော့်ကို ယူပါ့မယ်ဆိုလို့ ကျွန်တော် လုပ်ပေးထားတာပဲ...၊ အခု ကျွန်တော့်ကို မယူတော့ဘူးဆိုရင် သူတို့ ပြန်ပေးရမှာပေါ့..."

mgyoe.com

mgyoe.com


"နို့... ဒီလောက် လွယ်နေရင် ကျွန်တော့်ကို ဘာလုပ်ဖို့ လာခေါ်ရတာလဲ၊ ကျွန်တော်လိုက်တော့ကော ဘာအကြောင်းထူးဦးမှာလဲ..."

"ဒီလိုဗျ ... သူက ဆန်းသလောက် သူ့အမေက အတော်ရိုးတယ်၊ ရှက်လည်း သိပ်ရှက်တတ်တယ်။ ဒါကြောင့် သူတို့အကြောင်း သတင်းစာထဲမှာ ပါမှာတို့၊ မဂ္ဂဇင်းထဲပါမှာတို့ကို သိပ်ကြောက်တယ်။ အဲဒီတော့ ခင်ဗျားလိုက်လာရင် သူတို့ အကြောင်းသိသွားပြီဆိုပြီး စာထဲထည့်ရေးမှာကို ကြောက်တဲ့အတွက် ခင်ဗျားအနေနဲ့ ပြန်တောင်းပေးရင် ရမှာပဲ၊ မရရင် မဂ္ဂဇင်းထဲဖြစ်ဖြစ် သတင်းစာတစ်စောင်စောင်ထဲမှာဖြစ်ဖြစ် ထည့်အုပ်မယ်ဆိုပြီး ခြောက်ရမှာပေါ့ဗျ..."

ကျွန်တော်သည် ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်ကို အတန်ကြာလောက်အောင် စဉ်းစားနေမိ၏။ သို့သော် ဖြစ်နိုင်သည် မဖြစ်နိုင်သည် အပထား၊ ကိုထွန်းအောင်အားကူညီရန် ကျွန်တော့်တွင် ဝတ္တရားရှိနေသောကြောင့် ခင်စောကြူထံ ဘယ်နေ့သွားရောက်မည်ကို မေးလိုက်ရလေသည်။

"တနင်္ဂနွေနေ့ အကောင်းဆုံးပေါ့ဗျ၊ တနင်္ဂနွေနေ့ မနက်စောစောကျရင် ကျွန်တော် လာခေါ်ပါ့မယ်..."

တနင်္ဂနွေနေ့နံနက်သို့ ရောက်သောအခါ ကိုထွန်းအောင်သည် ခန့်မှန်းထားသည့်အချိန်ထက် စော၍ ကျွန်တော့်ထံ ရောက်ရှိလာလေသည်။ ကျွန်တော်တို့သည် သိမ်ကြီးဈေးသို့ သွားရောက်ကာ ခင်စောကြူနေထိုင်သည်ဆိုသော ကမာရွတ်ဘက်သို့ အင်းစိန်ကားစီး၍ သွားရောက်ကြ၏။ ကမာရွတ်ဘူတာရုံ လမ်းထိပ်တွင်ဆင်းကာ ခင်စောကြူတို့အိမ်အရောက် ဆိုက်ကားဖြင့် သွားကြရ၏။ ခင်စောကြူတို့မှာ ဘူတာရုံတောင်ဘက်တွင် နေထိုင်ကြလေသည်။

သားအမိ နှစ်ယောက်တည်း နေထိုင်လျက်ရှိသောအိမ် ဖြစ်သော

mgyoe.com

mgyoe.com


ကြောင့် မကျဉ်းမကျယ် ဖြစ်သော်လည်း အိမ်မှာ ဝင်းခြံလေးနှင့် သပ်သပ်ရပ်ရပ် ဖြစ်ပေသည်။ နောက်မှ သိရသည်မှာ ခင်စောကြူတို့အိမ်သည် အိမ်ငှားများဖြစ်၍ အောက်ထပ်ကိုသာ ငှားရမ်းနေထိုင်ခြင်း ဖြစ်ပေသည်။ အိမ်ရှင်မှာ အိမ်ပေါ်ထပ်တွင် နေထိုင်လေသည်။

ဝင်းခြံလေးမှာလည်း ချစ်စဖွယ်ပန်းပင်များဖြင့် သာသာယာယာလေးပင် ဖြစ်ပေသည်။ အိမ်မှာလည်း ပျဉ်ကာ ပျဉ်ခင်းပင် ဖြစ်ပေသည်။ ဧည့်ခန်းမှာ ၈ ပေ၊ ၁၂ ပေလောက်ရှိသော အခန်းဖြစ်၏။ အနည်းငယ် ပေါလစ်ရောင် မှိန်နေပြီဖြစ်သော်လည်း ကြိမ်သစ်များထိုးထားသော ကုလားထိုင်စုံများနှင့် စားပွဲများဖြင့် သပ်သပ်ရပ်ရပ်ပင် ပြင်ဆင်ထား၏။ ဧည့်ခန်းလယ်က မှန်ဖုံးထားသော စားပွဲပေါ်တွင် ဖန်ပန်းအိုးလေးတစ်လုံး ရှိ၍ လန်းဆန်းလှပသော အမျိုးအမည်မသိ ပန်းရောင်စုံများ ထိုးထား၏။ အခန်းနံရံများတွင်မူ တောအိမ်ဆန်ဆန် မှန်ပေါင်သွင်း ဓာတ်ပုံအရွယ်အစားအမျိုးမျိုးကို အစီအစဉ်မရှိ ချိတ်ဆွဲထား၏။

အိမ်တွင်းသို့ ဝင်ဝင်ချင်းပင် ခင်စောကြူကို တွေ့မြင်ရသည်။ ခင်စောကြူသည် မမျှော်လင့်ဘဲ ကိုထွန်းအောင်ကို မြင်လိုက်ရသောကြောင့် အနည်းငယ် အံ့အားသင့်သွားဟန်တူသည်။ သို့သော် ဣန္ဒြေမပျက်ပင် ကိုထွန်းအောင်ကိုနှုတ်ဆက်ကာ နေရာထိုင်ခင်း ပေးလေသည်။ နံနက်စောစောပင် ဖြစ်သော်လည်း ခင်စောကြူမှာ သပ်ရပ်စွာဝတ်စားဆင်ပြင်ပြီးပြီ ဖြစ်ပေသည်။ ကိုထွန်းအောင်ပြောသည်ထက် ပိုမိုချောမောလှပကာ ချစ်စရာကောင်းသော မိန်းကလေးတစ်ယောက်ဖြစ်သည်ဟူ၍လည်း ကျွန်တော်၏စိတ်ဝယ် စွဲမှတ်လိုက်မိ၏။ အနည်းငယ် အရပ်ပုသော်လည်း သူ့အရပ်နှင့် လိုက်လျောကိုက်ညီအောင် သေးသွယ်သော ကိုယ်လုံးကိုယ်ထည်လေး ရှိ၏။ အသားမှာ မဖြူလွန်းမညိုလွန်းသော အသားလတ်ထဲကဖြစ်၍ ဗမာဆန်၏။ နှာတံပေါ်၍

mgyoe.com

mgyoe.com


နှုတ်ခမ်းပါးပါးနှင့် ဖြူဖွေးညီညာသော သွားကလေးများရှိ၏။ သူ့ရုပ်မှာ မဆန်းလှပေ။ ပြင်ပုံဆင်ပုံမှာလည်း ရိုးလှပေသည်။ ဤသည်ကြောင့်ပင် ပို၍ချောသည်ထင်ရခြင်း ဖြစ်ပေသည်။ ပို၍လည်း ချစ်စရာကောင်းပေသည်။ သူ့လို မိန်းကလေးတစ်ယောက်က ကိုထွန်းအောင်ပြောသလို ပိုင်းလုံး လုပ်စားနေသည်ကိုပင် ကျွန်တော်သည် မယုံကြည်နိုင်လောက်အောင် ဖြစ်လာမိလေသည်။

"စောစောစီးစီး ဘယ်က လှည့်လာတာလဲ"

လူသေးသော်လည်း အသံမှာမူ သိပ်မသေးလှပေ။ သူ့အသံမှာ ခပ်မာမာလေးပင်ဖြစ်၍ သာယာသည်ဟု မဆိုနိုင်သော်လည်း နားအခံရခက်လောက်အောင် မာကျောခြင်းမဖြစ်ပေ။ ကျွန်တော့်မှာမူ ခင်စောကြူအား အကဲခတ်နေရသောကြောင့် အခြားအရာကိုပင် နောက်ထပ် ဂရုပြုနိုင်ခြင်းမရှိပေ။

"ဒီကိုပဲ လာတာပဲ" ဟု ကိုထွန်းအောင်က ခင်စောကြူကို အဖြေပေး၏။ ထိုနောက် ကျွန်တော့်အား လက်ညှိုးထိုးပြကာ "ဟောဒါက စာရေးဆရာ လင်းယုန်နီဆိုတာပဲ..." ဟု မိတ်ဆက်ပေးရင်း ပြောလိုက်လေသည်။

ခင်စောကြူက ကျွန်တော့်ကို ပြုံးပြ၏။ သူ့အပြုံးတွင် ညစ်လိုသော သဘောမျိုး မပါကြောင်းကိုလည်း ကျွန်တော် သဘောပေါက်မိ၏။ သူ့အပြုံးမှာ စင်ကြယ်သန့်ရှင်းသည်ဟူ၍ပင် ကျွန်တော် ထင်မိလေသည်။

"စာကိုတော့ ဖတ်ဖူးပါတယ်။ လူကိုတော့ ခုမှမြင်ဖူးပါတယ်..."

ကျွန်တော်ကလည်း ပြန်ပြုံးကာ သူ့ကို အသိအမှတ်ပြုလိုက်ရ၏။ ဧည့်သည်သစ်ဖြစ်သောကြောင့် ကျွန်တော့်ကို ပိုမိုဂရုစိုက်သော သဘောမျိုးပြကာ စားပွဲပေါ်မှ စီးကရက်ဘူးကို ကိုယ်တိုင်ယူ၍ ကျွန်တော့်အား

mgyoe.com

mgyoe.com


လာရောက်ကမ်းပေး၏။ ကျွန်တော်ကလည်း ကျွန်တော့်တွင် ဆေးလိပ်ပါကြောင်းကို ပြန်ပြောကာ သူ့စီးကရက်ဘူးကို စားပွဲပေါ်သို့ ပြန်တင်ထားလိုက်ရသည်။

ခင်စောကြူသည် ကျွန်တော့်အားရှိ ကုလားထိုင်တွင် လာထိုင်ရင်း ကျွန်တော့်ကို ဂရုတစိုက် မေးလေသည်။ ကျွန်တော်ကလည်း ကိုထွန်းအောင်၏မျက်နှာကို လှမ်း၍ကြည့်မိ၏။ ကားပေါ်မှာကတည်းကပင် ကိုထွန်းအောင်က သူ့ကိစ္စအတွက် ကျွန်တော်ကပင် ဦးဆောင်ပြောပေးပါရန် ကြိုတင်တောင်းပန်ထားပြီး ဖြစ်ပေသည်။ သို့ကြောင့်လည်း ကျွန်တော်သည် စီးကရက်တစ်လိပ်ကို ကျွန်တော့်ဘူးထဲမှ ထုတ်ယူမီးညှိရင်း ခင်စောကြူမျက်နှာကိုမကြည့်ဘဲ စကားစလိုက်ရလေသည်။

"ကိစ္စကတော့ ကိုထွန်းအောင်ကိစ္စပါပဲ၊ သူက မခင်စောကြူတို့ဆီက ရွှေလက်ကောက်တစ်ရန်နဲ့ ဆွဲကြိုးတစ်ကုံး ရစရာရှိတယ်။ လိုက်တောင်းပေးပါဆိုတာနဲ့ ကျွန်တော် လိုက်လာခဲ့ရတာပါ"

ကျွန်တော်က အပေါ်နှုတ်ခမ်းကို အောက်ဘက်သို့သွင်းကာ အောက်နှုတ်ခမ်းကို အပြင်သို့ပင့်ထုတ်ရင်း ပါးစပ်မှ မီးခိုးများက မျက်လုံးလာရိုက်အောင် မှုတ်ထုတ်ပြီးမှ ခင်စောကြူ၏မျက်နှာကို လှမ်းကြည့်လိုက်ရ၏။ ခင်စောကြူကမူ ကိုထွန်းအောင်၏မျက်နှာကို လှမ်းကြည့်နေလေသည်။

"ကိစ္စကတော့ ဒါပါပဲ"

ကျွန်တော်က ကျွန်တော်ပါလာရင်း အကြောင်းကိစ္စကို တိုတိုပင်နိဂုံးချုပ်လိုက်၏။ ထိုအခါ ခင်စောကြူကလည်း ကျွန်တော့်ဘက်သို့ပြန်လှည့်ကာ ကျွန်တော့်စကားအတွက် အဖြေပေးလေသည်။

"ဒီကိစ္စက ပြီးပြီးသားပဲ၊ ဟိုကတည်းက ရှင်းရှင်းလင်းလင်း ပြောပြီးသားပဲ မဟုတ်လား။ သူ့ပစ္စည်းတွေ ကျွန်မတို့လက်ထဲမှာ မရှိဘူး

mgyoe.com

mgyoe.com


ဆိုတာ သူ သိသားပဲ…"

ခင်စောကြူသည် ကျွန်တော့်ကိုပါ ရွံရှာမုန်းတီးဟန်ဖြင့် ကြည့်၍ ပြောလိုက်သောကြောင့်လည်း ကျွန်တော်ပင် အတော်စိတ်မကောင်းနိုင် လောက်အောင် ဖြစ်သွားမိ၏။

"ကျွန်မတို့လက်ထဲမှာ မရှိဘူးဆိုတာက ဘယ်လိုလဲ" ကျွန်တော် က နားမလည်သောကြောင့် ထပ်မေးလိုက်ရ၏။ ကိုထွန်းအောင်က လည်း ဤအကြောင်းနှင့်ပတ်သက်၍ ဘာမှ မပြောခဲ့ပေ။

"ပေါင်ထားတာ သူ သိသားပဲ၊ ပေါင်ထားတာကို ကျွန်မတို့ ပြန် မရွေးနိုင်တော့တာလည်း သူ သိသားပဲ"

ကျွန်တော်က ကိုထွန်းအောင်၏မျက်နှာကို လှမ်းကြည့်မိ၏။ ကိုထွန်းအောင်မှာမူ ဤအကြောင်းကို ကျွန်တော့်အား မပြောခဲ့မိခြင်း အတွက် တောင်းပန်လိုဟန်ဖြင့် ကျွန်တော့်ကို ပြန်ကြည့်နေရှာ၏။ ကျွန်တော်ကလည်း တာဝန်ရှိသည်နှင့် လျော်ညီစွာ ခင်စောကြူကိုပင် ထပ်၍မေးလိုက်ရလေသည်။

"ဘာဖြစ်လို့ ပြန်မရွေးနိုင်တာလဲ"

"ပေါင်ထားတာကြာလို့ အတိုးက သိပ်တက်နေပြီ။ ကျွန်မရတဲ့ လခနဲ့ သားအမိနှစ်ယောက် မလောက်မင စားနေရတာ။ ဒါကို ဘယ်လို လုပ်ပြီး ပြန်ရွေးမလဲ"

ခုမှပင် ရုပ်ရည်ရှိသလောက် ပိုင်းစားသည်ဆိုသော မိန်းမတစ်ဦး ၏လေသံသည် ပေါ်ထွက်လာ၏။

"ဒါပေမဲ့ မခင်စောကြူက လက်ထပ်ပါ့မယ်လို့ ကတိပေးထားတဲ့ အတွက် သူပေးထားတဲ့ ပစ္စည်းတစ်ခုကို မခင်စောကြူတို့အနေနဲ့ ကတိ ပြန်ဖျက်တဲ့အခါမှာ သူပြန်ပြီး ရယူပိုင်ခွင့်ရှိပါတယ်ဗျာ"

"အို…" ခင်စောကြူက ကိုထွန်းအောင်နှင့် ကျွန်တော့်ကို ပြုးတူး

mgyoe.com

mgyoe.com


ကြောင်တောင်ပင် တစ်လှည့်စီ လိုက်၍ကြည့်၏။ ပြီးမှပြောသည်။ "ဘယ်သူက ဘယ်လို ကတိပေးထားလို့လဲ..."

"မခင်စောကြူက သူ့ကို ယူပါမယ်လို့ ကတိပေးထားတယ်ဆို..."

"ဘုရားပေးပေး၊ ကျမ်းပေးပေးပါရှင်၊ ဒီလို ကတိမျိုးကို ဘယ်ယောကျ်ားကိုမှ ကျွန်မ မပေးဖူးပါဘူးရှင်" ကျွန်တော့်အား ဤသို့ပြောပြီးမှ ကိုထွန်းအောင်ကိုလှမ်း၍ရန်တွေ့၏။ "ရှင့်ကို ကျွန်မက ဘယ်လိုများ ပြောဖူးလို့လဲ"

"စဉ်းစားပါ့မယ်လို့ ပြောတယ်မဟုတ်လား"

ကိုထွန်းအောင်ကလည်း မျက်လွှာချ၍ ဖြေလေသည်။

"အင်းလေ... စဉ်းစားပါ့မယ်ဆိုတာဟာ ယူမယ်လို့ ကတိပေးတာလား ရှင့်"

ကျွန်တော်သည် နောက်ထပ်ဘာမျှ မပြောတော့ပေ။ နောက်ထပ်ပြောစရာလည်း ဘာမျှမရှိတော့ပေ။ ဤပွဲတွင် ကျွန်တော့်မိတ်ဆွေကြီးသည် ဘယ်လိုမှ နိုင်ခြေမရှိတော့ပြီဖြစ်ကြောင်းကို ကျွန်တော်သည် သဘောပေါက်လိုက်မိ၏။ နောက်ထပ်ဆက်၍ ပြောလျှင်လည်း ကိုယ့်လူကြီးသာ အရှက်တကွဲ အကျိုးနည်း ဖြစ်တော့မည်ကိုလည်း ကျွန်တော်သိ၏။

"ကိုင်း ဒါဖြင့်ရင်လည်း ပြန်ကြပါစို့ဗျာ"

ကျွန်တော်က ထိုင်ရာမှထသောအခါ ကိုထွန်းအောင်သည် တွယ်ကတ်ကတ်လုပ်နေသေး၏။ အိမ်ခန်းတွင်းက ကျွန်တော်ထွက်သောအခါတွင်မှ ကိုထွန်းအောင်သည် ကျွန်တော့်နောက်က လိုက်ပါလာခဲ့လေသည်။

"ခင်ဗျား ဘယ့်နှယ့်လုပ်တာလဲဗျ" သူကပင် ကျွန်တော့်ကို အပြစ်တင်နေလိုက်သေး၏။

mgyoe.com

mgyoe.com


"ခင်ဗျားဟာက ပိုင်မှမပိုင်ဘဲ၊ ဒီလိုလုပ်လို့ ဘယ်ရမလဲဗျ။ ခင်ဗျား ပြောတာနဲ့ ဒီမှာဖြစ်တာက တခြားစီဖြစ်နေတော့ ခင်ဗျားပဲ အရှက်ကွဲရ တယ်မဟုတ်လား။ နောက်ကို ဆက်ပြောကြရင် ခင်ဗျားပဲဆက်ပြီး အရှက်ကွဲဦးမှာပဲ၊ ဒါကိုမြင်လို့ ကျွန်တော် ထလာတာပေါ့ဗျာ"

ကျွန်တော်တို့သည် ဘူတာရုံဘက်သို့ လျှောက်လာခဲ့ကြ၏။ ကိုထွန်းအောင်မှာလည်း အတော်ပင် စိတ်ပျက်အားလျော့လာဟန်တူ၏။

"နောက်တစ်နည်းကို စဉ်းစားကြသေးတာပေါ့ဗျာ" ဟု ကျွန်တော် က သူ့ကို အားပေးရသည်။ သို့သော် စိတ်ထဲတွင်မူ ဘယ်လိုမှ ပြန်ရနိုင် စရာအကြောင်း မရှိတော့ဟု နားလည်ပြီးဖြစ်၏။ သို့ဖြစ်၍ ကျွန်တော် သည် ဤအကြောင်းကို မေ့ဖျောက်ပစ်ရန်သာရှိ၏။ သို့မဟုတ်ပါက လည်း မိတ်ဆွေအတွက် မခံရပ်နိုင်၍ ဝတ္ထုတစ်ပုဒ် မဂ္ဂဇင်းတစ်စောင် စောင်တွင် ရေးထည့်ကာ ဖော်ထုတ်လိုက်ဖို့ပင် ရှိပေသည်။

သို့သော် ကျွန်တော်ကိုယ်တိုင်က ခင်စောကြူတို့၏အကြောင်းကို သေချာစွာ မသိရသေးမီ ကိုထွန်းအောင်ကဲ့သို့သော လူတစ်ယောက် အပြောဖြင့် တစ်ဖက်သတ် ရေးသားခြင်းဌာ မထိုက်သင့်ကြောင်း သဘော ထား၏။ ကျွန်တော်သည် ကိုထွန်းအောင်နှင့် ခွဲခွာကာ ထွက်လာသော အခါ သူတို့ကိစ္စကိုလည်း မေ့ပစ်လိုက်လေသည်။

ထိုကဲ့သို့ မေ့ပစ်ထားသော်လည်း နောက်တစ်လလောက် ကြာ သောအခါ ခင်စောကြူထံမှ စာတစ်စောင် ရောက်ရှိလာသောကြောင့် ကိုထွန်းအောင်အတွက် တစ်အားတက်မိပြန်၏။ စာကိုပင် ကိုထွန်းအောင် အား ပြေးပြမိသည်။ ခင်စောကြူက ကိုထွန်းအောင်၏ ပစ္စည်းများကိစ္စ နှင့် ပတ်သက်၍ ရှင်းလင်းပြောပြလိုသောကြောင့် လာမည့်တနင်္ဂနွေနေ့ ၁၂ နာရီလောက်တွင် သူတို့အိမ်သို့ လာရောက်ပါရန် မှာကြားလိုက်သော စာပင်ဖြစ်၏။ သို့သော် စာမှာ မဂ္ဂဇင်းတိုက်ပေါ်တွင် ခေါက်နေသော

mgyoe.com

mgyoe.com


ကြောင့် ကျွန်တော့်လက်ထဲသို့ တနင်္ဂနွေ ၃ ပတ်လောက်ကြာမှ ရောက်ရှိလာ၏။

ခင်စောကြူ ချိန်းဆိုသော တနင်္ဂနွေနေ့မှာလည်း ကျန်ရစ်ခဲ့ပေပြီ။

သို့ကြောင့်လည်း ပို၍သေချာစေရန် လာမည့်တနင်္ဂနွေနေ့တွင် လာရမည် မလာရမည်ကို ကိုထွန်းအောင်နှင့်ပင် ရုံးတွင် အမေးခိုင်းလိုက်ရ၏။ ကိုထွန်းအောင်ကမူ စိတ်ပျက်လက်ပျက်ပင် အဖြေပေးလေသည်။

"ချိန်းတဲ့ရက်မှာ မလာလို့ စိတ်ဆိုးသွားတယ်ထင်ပါရဲ့ဗျာ၊ ကောင်မက ကြီးကြီးကျယ်ကျယ် ပြောတယ်ဗျ၊ လာလည်း မလာပါနဲ့တဲ့၊ တွေ့လည်း မတွေ့ချင်တော့ပါဘူးတဲ့၊ ကျွန်တော်တော့ တယ်မသင်္ကာဘူးဗျာ၊ ရုံးက လူတွေကို ပိုင်းမရလို့ ခင်ဗျားကို မြှူဦးမယ် ကြံပြန်ပြီထင်တယ်"

"ကိစ္စမရှိပါဘူးဗျာ၊ ကျွန်တော်က ဖွတ်ပဲဗျ၊ ကျွန်တော့်မြှူလို့ လူပဲရမှာပေါ့။ ကျွန်တော့်အတွက် အရှုံးမရှိပါဘူး"

တနင်္ဂနွေနေ့တွင် ကျွန်တော် သွားမည်ဆိုသည့်အကြောင်းကိုမူ ကိုထွန်းအောင်အား ကျွန်တော် မပြောပေ။ ကျွန်တော့်စိတ်ကူးနှင့် ကျွန်တော်သာ ခင်စောကြူတို့အိမ်သို့ ထွက်ခဲ့မိလေသည်။ ခင်စောကြူမှာလည်း အိမ်တွင် အဆင်သင့်ရှိပေသည်။ ကျွန်တော့်ကို မြင်သောအခါ၌လည်း ခင်စောကြူသည် မယုံကြည်နိုင်သလို အံ့အားသင့်နေရှာလေသည်။

"လာပါ... လာပါ၊ ထိုင်လေ... ဘယ့်နှယ့် မတ်တတ်ကြီးလဲ"

"မလာပါနဲ့... တွေ့လည်း မတွေ့ချင်တော့ဘူးလို့ ကိုထွန်းအောင်ကို မှာလိုက်တယ်ဆိုတာနဲ့ ဝင်ရမှာ မရဲတရဲဖြစ်နေတာပါ"

"အို... ကိစ္စမရှိပါဘူး... မလာနဲ့ဆိုတာတောင် ရောက်အောင်လာနေမှပဲ ကျွန်မကို ဒီလောက်ရှိသေနေစရာ မလိုတော့ပါဘူး"

ခင်စောကြူက အလွန်ပင် ခင်မင်ရင်းနှီးသော မိတ်ဆွေဟောင်း

mgyoe.com

mgyoe.com


တစ်ယောက်ကို ပြောဆိုဆက်ဆံပုံမျိုးဖြင့် ကျွန်တော့်ကို ဆီးကြိုညှော်ခံရှာ၏။ ကျွန်တော်ကလည်း ကိုထွန်းအောင်စကားကို ပြေး၍ အမှတ်ရမိလိုက်သည်။ "ကျွန်တော်တော့ တယ်မသင်္ကာဘူးဗျာ၊ ရုံးကလူတွေကို ပိုင်းမရတော့တာနဲ့ ခင်ဗျားကို မြူဦးမယ် ကြံပြန်ပြီထင်တယ်"

"ကျွန်မမှာတဲ့နေ့မှာ မလာလို့ လာတော့မှာမဟုတ်ဘူးလို့ ထင်နေတာ၊ စိတ်လည်း ပျက်သွားတယ်လေ၊ ကိုထွန်းအောင် လာမေးလို့ ပြောလိုက်တာကတော့ စိတ်ထဲမှာပါလို့ ပြောလိုက်တာမဟုတ်ဘူး။ ကျွန်မအခြေအနေကိုလည်း စဉ်းစားမိပါလိမ့်မယ်။ သူ့ကို ကျွန်မအနေနဲ့ ဘာမှအသိမပေးချင်ဘူး။ သူကရိုးတော့ ရိုးပါတယ်။ ရိုးလွန်းလို့ ခက်နေတယ်။ သူက ဘာမှအရိပ်အကဲ မသိဘူး၊ ဒါကြောင့်မို့လို့ သူ့ကို ကျွန်မခွပြောလိုက်တာပါ။ ဆရာ့ကိုတော့ လာစေချင်ပါတယ်။ ဒါပေမဲ့ ဆရာလာတာကို သူ မသိစေချင်လို့ တမင်ပြောလိုက်တာပါပဲ..."

ကျွန်တော်သည် စီးကရက်ကို ဖွာရှိုက်ကာ သူ့စကားကို နားထောင်နေရ၏။ သူ ပြောလိုသော အကြောင်းကိစ္စမှန်သမျှကိုလည်း ကျွန်တော်သည် စိတ်ပါဝင်စားနေမိလေသည်။

"ဘာအကြောင်းမှမပြောခင် ဆရာ့လူအကြောင်းကိုလည်း ကျွန်မပြောပြချင်ပါသေးတယ်။ ဆရာ့လူက အင်မတန် သဝန်တိုတတ်တဲ့ လူတစ်ယောက်ပါ။ တခြား ယောကျ်ားတစ်ယောက်က ကျွန်မကို စေ့စေ့ကြည့်ရင်တောင် သူက ကျွန်မကို ရန်လုပ်ချင်ပါတယ်။ ရုံးမှာဆိုရင်လည်း ဒီလိုပဲ၊ ဘယ်စာရေးနဲ့မှ စကားမပြောရဘူး။ ရုံးအုပ်လုပ်တဲ့လူက ကျွန်မတို့အမေဘက်က အမျိုးနည်းနည်းတော်ပါတယ်၊ သူပဲ ကျွန်မကို အလုပ်သွင်းပေးပါတယ်။ အဲဒီလူ အိမ်ဝင်ထွက်နေတာကိုလည်း သူ မကျေနပ်ဘူး၊ ဟိုလူက သားနဲ့ မယားနဲ့လူပါ၊ ကျွန်မတို့မှာ အထင်မှားစရာလည်း ဘာအကြောင်းမှ မရှိပါဘူး။ ဒါတောင် သူက ကျွန်မနဲ့ ပေးစားပါသေး

mgyoe.com

mgyoe.com


တယ်..."

"သူ့ကိုကော မခင်စောကြူက ချစ်ခဲ့ဖူးသလား"

"ဘယ်သူ့ကိုလဲ..."

"ကိုထွန်းအောင်ကိုပေါ့"

"အမှန်ကိုပြောရရင် မချစ်ပါဘူး၊ ဒါပေမဲ့ ရိုးအလွန်းလို့ သနားမိပါတယ်။ သူကတော့ ကျွန်မကို ယောကျ်ားမြင်ရင် ချော့စားမြှူစားတဲ့ မိန်းမတစ်ယောက်ရယ်လို့တောင် ပြောပါတယ်။ ခုတော့ သူ့ကို သနားတောင် မသနားတော့ပါဘူး..."

"ဒါထက် ပြောချင်တယ်ဆိုတဲ့ လက်ကောက်နဲ့ ဆွဲကြိုးကိစ္စကကော..."

"အဲဒီလက်ကောက်နဲ့ ဆွဲကြိုးကိစ္စကတော့ ဒီလိုပါ၊ ဟိုတစ်နေ့က ဒီကိစ္စကို ရေလည်အောင် မပြောလိုက်ရလို့ စိတ်မကောင်းပါဘူး။ ဆရာတို့က ဒီကိစ္စကို တစ်မျိုးတစ်မည် ထင်ချင်ထင်နေဦးမှာပါ၊ အကြောင်းမသိရင်လည်း ဒီကိစ္စအတွက် ကျွန်မကိုတောင် မကောင်းထင်ရင် ထင်နေဦးမှာပါ၊ ဩော်..."

ပြောရင်းဆိုရင်းပင် သူသည် အိမ်ပေါက်ဝသို့ လှမ်းကာ တစ်စုံတစ်ယောက်ကို လှမ်း၍နှုတ်ဆက်နေ၏။

"ဘယ့်နှယ့် ပြန်လာသလဲ မေမေ"

မေမေဆို၍ ရိုးသားသည်ဆိုသော ကိုထွန်းအောင်ပြောပြဖူးသည့် သူ့မေမေဆိုသူကို လှည့်ကြည့်လိုက်ရသည်။ သူ့မေမေမှာ သူ့လိုပင် သေးသေးသွယ်သွယ်နှင့် မျက်နှာမှာလည်း ကျက်သရေရှိလှသည်။ ငွေကြေးမတတ်နိုင်ရှာသောကြောင့် အဖိုးတန်အဝတ်အစားများကို ဝတ်ဆင်နိုင်ခြင်း မရှိသော်လည်း ရှိသမျှကို ဖြူစင်အောင် ဖွပ်လျှော်ပြီးမှ ဝတ်ဆင်တတ်ဟန်လည်း တူပေသည်။ သူ ဝတ်ထားသော ပိတ်အင်္ကျီမှာ

mgyoe.com

mgyoe.com


အသစ်လိုပင် ဖြူစင်နေ၍ သူ ဝတ်ထားသော သရက်ထည် ထဘီမှာလည်း အဆင်ဟောင်းနေသည့်တိုင်အောင် အသစ်ကဲ့သို့ပင် လတ်ဆတ်စင်ကြယ်လျက် ရှိလေသည်။

"ဘာဖြစ်လို့လဲ မေမေ..."

ခင်စောကြူက သူ့အမေကို ရိုရိုသေသေပင် မေး၏။ သူ့အမေကလည်း ကျွန်တော့်ကို လှည့်ကြည့်ကာ အကဲခတ်၏။ ပြီးမှ ခင်စောကြူအမေးကို မဖြေနိုင်သေးဘဲ...

"ဩော်... ဧည့်သည်ရောက်နေသကိုး..." ဟု ပြောလိုက်လေသည်။

သမီးထက်ပင် အမေ၏အသံမှာ သာယာ၏။ အလွန်ပျော့ပျောင်းသိမ်မွေ့သော မိန်းမမျိုးထဲကလည်း ဖြစ်ဟန်တူ၏။ ဧည့်သည်တစ်ယောက် ရှိနေကြောင်းကို မသိသောကြောင့် ရုတ်တရက် ဝင်ရောက်လာမိခြင်းဖြစ်သလိုပင် သူကပင် အားတောင့်အားနာ ဖြစ်နေဟန်တူ၏။ ကျွန်တော်က သူ့ကိုပြုံး၍ နှုတ်ဆက်သောအခါ "ပြောကြပါ... ပြောကြပါ" ဟု ကျွန်တော်တို့ကို အနှောင့်အယှက် မဖြစ်စေလိုသော သဘောမျိုးဖြင့်ပြောရင်း အိမ်တွင်းခန်းဘက်သို့ ဝင်ရောက်သွား၏။ သို့သော် သူမဝင်မီ ခင်စောကြူက ကျွန်တော်နှင့် သူ့အမေကို မိတ်ဆက်ပေး၏။ သူ့အမေကလည်း ကျွန်တော့်ကိုကြည့်၍ အံ့ဩနေသည်။ ကျွန်တော်လို လူတစ်ယောက်ကို မမျှော်လင့်ဘဲ သူတို့အိမ်တွင် တွေ့ရခြင်းကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိကြောင်းလည်း ထုတ်ဖော်ပြောဆိုရှာသည်။

ခင်စောကြူကလည်း အိမ်တွင်းသို့ လိုက်ဝင်သွား၏။ အိမ်တွင်းခန်းမှာ အပြင်ခန်းနှင့် ကပ်နေသောကြောင့် အတွင်းခန်းတွင် သူတို့သားအမိနှစ်ယောက် ပြောဆိုနေကြသော အသံကို အပြင်မှ ခပ်သဲ့သဲ့ကြားနေရ၏။ အမေဖြစ်သူက သေတ္တာဖွင့်ကာ ငွေယူသည်။ သို့သော် ရာတန်

mgyoe.com

mgyoe.com


တစ်ရွက်နှင့် အနုပ်အနည်းငယ်သာ ရှိနေ၏။ အမေသည် တစ်ဆယ်ပြည့်အောင် လိုချင်သည်။ သို့သော် အနုပ်မှာ တစ်ဆယ် ပြည့်အောင်မရှိဘဲ ဖြစ်နေ၏။ အမေက သမီးကို အိမ်ပေါ်ထပ်သို့တက်၍ ရာတန်အအမ်း ခိုင်းနေ၏။ သမီးကလည်း အိမ်ရှေ့ခန်းတွင် ဧည့်သည် ရှိနေသောကြောင့် အမေကိုယ်တိုင် အိမ်ပေါ်တက်၍ အမ်းရန်ပြောနေ၏။

ကျွန်တော်က ကျွန်တော့်အိတ်ကို ကြည့်မိသည်။ သူတို့အိမ်မှ အပြန်တွင် ကစားဝိုင်းသို့ဝင်ရန် ရည်ရွယ်ရင်းရှိခဲ့သောကြောင့် ကျွန်တော့်အိတ်ထဲတွင်လည်း ငွေပါ၏။ သို့သော် တစ်ရာ မပြည့်ပေ။ ရှစ်ဆယ်ကျော်ကျော်လောက်သာ ရှိ၏။

ခဏကြာသော် အမေရော၊ သမီးပါ ပြန်ထွက်လာ၏။ ထိုနောက် သူ့အမေက ကျွန်တော့်ကို ပြုံး၍နှုတ်ဆက်ပြန်ကာ အိမ်ပေါ်ထပ်သို့ တက်ရောက်သွား၏။ ထိုခဏက ကျွန်တော်နှင့် ခင်စောကြူတို့မှာ တစ်ဦးကို တစ်ဦး စကားမပြောမိကြပေ။ ခင်စောကြူသည် တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားဟန်ဖြင့်သာ ထိုင်နေ၏။

"ဘာလဲ ငွေလိုနေလို့လား" ဟု ကျွန်တော်က မေးလိုက်သောအခါတွင်မှ သူသည် ကျွန်တော့်ကို ပြုံး၍မော့ကြည့်၏။

"မဟုတ်ပါဘူး"

"လဲ မရရင်လည်း ကျွန်တော့်ဆီကယူပေါ့၊ ကျွန်တော့်ဆီမှာလည်း ပါပါတယ်၊ ဒါပေမဲ့ တစ်ရာတော့ မပြည့်တတ်ဘူး"

"အို ကိစ္စမရှိပါဘူး၊ ဆရာ့ဆီက ယူလိုက်လို့ နောက်ဘယ်လိုလုပ်ပြီး ပြန်ပေးမလဲ"

"အို နောက်လည်း ကျွန်တော် ရောက်ဦးမှာပဲ"

ဤစကားကို ဘာကြောင့်ပြောလိုက်မိမှန်း မသိမိပေ။ ဤအိမ်သို့ နောက်ထပ်လာရောက်ရန် ဘယ်တုန်းက စိတ်ကူးထားမိကြောင်းလည်း

mgyoe.com

mgyoe.com


ကျွန်တော်ကိုယ်တိုင် သဘောပေါက်မိခြင်းမရှိပေ။ သို့သော် ထိုခဏက ကျွန်တော်သည် ခင်စောကြူ၏ စိတ်စေတနာရင်းအပေါ်၌ သံသယကင်းနေကြောင်းကို ဝန်ခံရမည်ဖြစ်၏။ ခင်စောကြူပြောပြသော အကြောင်းကိစ္စတိုင်းကို ယုံကြည်ရန် အဆင်သင့်ရှိနေကြောင်းလည်း သဘောပေါက်မိ၏။ ကျွန်တော်သည်လည်း ခင်စောကြူ၏မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း ခင်စောကြူ မှိုင်းမိလာရပြီဖြစ်ပေသည်။

ခင်စောကြူ၏ မေမေသည် အိမ်ပေါ်ထပ်မှ ဆင်းလာခဲ့၏။ "သူတို့ဆီမှာလည်း မရှိဘူးတဲ့..." ဟု ပြောဆိုကာ အိမ်တွင်းသို့ ဝင်ရောက်လာ၏။ ထိုအခါ ကျွန်တော်ကပင် စတင်၍ ခင်စောကြူ၏မေမေကို ငွေတစ်ဆယ် ထုတ်ပေးမိ၏။ "အရေးကြီးရင် ကျွန်တော့်ဆီက ယူသုံးပေါ့၊ နောက်မှပြန်ပေးတာပေါ့ ခင်ဗျာ..."

ပထမသော် ခင်စောကြူ၏အမေသည် ကျွန်တော့်လက်မှပိုက်ဆံကို မယူရဲသလိုလို ဖြစ်နေ၏။ သမီး၏မျက်နှာကိုလည်း လှမ်း၍ကြည့်၏။ သမီးကမူ မျက်လုံးအစုံကိုမှိတ်၍ ခေါင်းယမ်းပြ၏။ ဤအပြုအမူများကို မြင်လိုက်ရသောကြောင့် ကျွန်တော်က အတင်းထိုးပေးရသည်။ "ယူပါ ဒေါ်ဒေါ်... ယူပါ တော်တော်ကြာ ပြန်အမ်းလို့ရတော့လည်း ပြန်ပေးတာပေါ့။ အရေးကြီးနေတဲ့အခါ ခဏလှည့်တဲ့ကိစ္စပဲ..."

ကျွန်တော်က အတင်းပေးသောအခါတွင်မှ ခင်စောကြူ၏မေမေသည် လက်လှမ်း၍ယူလေသည်။ ယူရင်းလည်း ပြော၏။ "ဒေါ်ဒေါ်လည်း ဘူတာရုံဘက်ကဆိုင်မှာ သွားအမ်းမှာပါပဲ၊ ခုရပါလိမ့်မယ်။ ဒါပေမဲ့ ငွေတောင်းလာတဲ့လူကို ဆိုင်းမထားချင်လို့ပါ။ ခုပဲ ဒေါ်ဒေါ်ပြန်ခဲ့မယ်နော်...၊ မောင် မပြန်သေးဘူး မဟုတ်လား..."

"ဟုတ်ကဲ့... မပြန်သေးပါဘူး ခင်ဗျာ"

သူ့မေမေထွက်သွားမှ ခင်စောကြူနှင့် ကျွန်တော်သည် တစ်ဦးနှင့်

mgyoe.com

mgyoe.com


တစ်ဦး မျက်နှာချင်းပြန်ဆိုင်ရ၏။ သို့သော် ခင်စောကြူသည် ကျွန်တော့် မျက်နှာကို ရဲရဲမကြည့်တော့ကြောင်း သတိထားလိုက်မိလေသည်။

"ကိုင်း... လုပ်စမ်းပါဦး... ခုနက စကားပြတ်သွားတဲ့ ကြိုးနဲ့ လက်ကောက်ကိစ္စကို"

"ကျွန်မဖြင့် ပြောတောင် မပြောချင်တော့ဘူးရှင်"

"အို ဘာဖြစ်လို့လဲ၊ ပြောသာပြောပါ၊ မခင်စောကြူပြောတာကို ကျွန်တော် စိတ်ဝင်စားပါတယ်"

"ပြောပေမဲ့ ဆရာယုံတော့မှာမှ မဟုတ်ဘဲနဲ့ပဲ..."

"အို... ဘာဖြစ်လို့ မယုံရမှာလဲ၊ မယုံစရာ ဘာများအကြောင်းရှိလို့လဲ"

"ကျွန်မဟာ ယောကျ်ားတွေကို မြှူစားနေတဲ့ မိန်းမတစ်ယောက် အနေနဲ့ ဆရာသိထားတယ် မဟုတ်လား။ မျောက်ပြပြီး ဆန်တောင်းတဲ့ မိန်းမလို့တောင် ကိုထွန်းအောင်က ပြောခဲ့သေးတာပဲ၊ ဆရာ့ကိုလည်း ဒီလိုပဲ သူ ပြောထားမှာပေါ့"

"ဒါက အရေးမကြီးပါဘူးလေ"

"အရေးမကြီးမှန်း သိပါတယ်... အရေးမကြီးလို့လည်း ဆရာကိုယ်တိုင် မျောက်ပြပြီး ဆန်တောင်းတာအတွက် ငွေ ၁၀ ကျပ် အကုန်ခံလိုက်တာပေါ့"

"အို ကျွန်တော် ဒီလိုသဘောမထားပါဘူးဗျာ"

သူပြောလိုက်ကာမှ ကျွန်တော်သည်လည်း ကိုထွန်းအောင်တစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာပါပေါ့လားဟု သဘောပေါက်လိုက်မိ၏။ ခပ်စောစောကမူ ဤငွေ ၁၀ ကျပ်ကို ကျွန်တော်သည် နောင်အလားအလာအတွက် မျှော်ကိုးကာ ပြန်လည်ရရှိတော့မည် မဟုတ်မှန်းကို အလိုလို သိပြီး ဖြစ်ပါလျက်နှင့် တမင်ပင် အဆုံးထားကာ လွယ်လွယ်ကူကူ ထုတ်ပေးခဲ့ခြင်းဖြစ်၏။ ခင်စောကြူတို့အိမ်ကို နောက်ထပ် ဝင်ထွက်

mgyoe.com

mgyoe.com


သွားလာနိုင်ခွင့်ရအောင် အရင်းအနှီး မြှုပ်နှံလိုက်ခြင်းသာ ဖြစ်၏။ ဘာကြောင့် သူတို့အိမ်ကို နောက်ထပ် ဝင်ထွက်သွားလာလိုခြင်း ဖြစ်သည်ဆိုသည်ကိုမူ ကျွန်တော့်ဟာ ကျွန်တော် သဘောပေါက်နိုင်ခြင်း မရှိပေ။ ကျွန်တော်သည် ယောကျ်ားများအား မြှူဆွယ်ကာ စားသောက်နေသော မိန်းကလေးတစ်ယောက်၏ ဘဝအကြောင်းကို စာရေးလိုသောကြောင့် ဖြစ်ကောင်းဖြစ်နိုင်၏။ သို့မဟုတ်ပါကလည်း မြှူဆွယ်ကာ စားသောက်နေသော မိန်းကလေးတစ်ယောက်၏ အမြှူအဆွယ်ကို ကျွန်တော်ကိုယ်တိုင်က ခံယူလို၍လည်း ဖြစ်နိုင်စရာအကြောင်း ရှိပေသည်။

"မှန်တာကိုပြောရရင် ကျွန်မဟာ ဘယ်ယောကျ်ားပေးတဲ့ လာဘ်လာဘကိုမှ မယူဖူးပါဘူး၊ ဘယ်ယောကျ်ားကိုမှလည်း ဘာလက်ဆောင်ဝယ်ပေးစမ်းပါလို့ မပြောဖူးပါဘူး။ ဒါပေမဲ့ ယောကျ်ားဆိုတာ ဆရာသိတယ်မဟုတ်လား၊ အစပထမတော့ သူတို့ကိုယ်တိုင်က မနေနိုင်မထိုင်နိုင်ဖြစ်လာပြီး သူတို့ကပဲ အစလုပ်ကြတာပါ။ နောင် မကျေနပ်တဲ့အခါကျမှ မိန်းကလေးတစ်ယောက်ကို ချိုးချိုးဖဲ့ဖဲ့ ပြောချင်တတ်ကြတာပါ"

ကျွန်တော်က စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်နေရ၏။ ခင်စောကြူ၏ မျက်နှာလေးကိုလည်း တစိမ့်စိမ့် ကြည့်နေမိ၏။

"ကျွန်မတို့မှာ သားအမိနှစ်ယောက်တည်း နေရပါတယ်ဆရာ၊ ကျွန်မရတဲ့ လခလေးနဲ့ပဲ လောက်ငအောင် စားသောက်နေရပါတယ်။ ကျွန်မတို့ဘဝအကြောင်းမှန်ကို လူတွေက သိတာမဟုတ်ဘူး၊ ကျွန်မမှာ ဘယ်လောက်စိတ်ဆင်းရဲ နေရတယ်ဆိုတာကိုလည်း လူသိတာ မဟုတ်ဘူး၊ အမှန်က ကျွန်မဘဝဟာ အသက်ရှင်နေဖို့တောင် ကောင်းတဲ့ဘဝမျိုး မဟုတ်ပါဘူး၊ တစ်ခါတစ်ခါ ကျွန်မအနေနဲ့ သေချင်စိတ်တောင် ပေါက်ပေါက်လာပါတယ်"

mgyoe.com

mgyoe.com


ကျွန်တော်က ဆက်၍ နားထောင်နေ၏။ သူပြောနေစဉ်လည်း ဘာတစ်ခွန်းမျှ ဝင်၍ပြောဆိုခြင်း မပြုမိပေ။

"တစ်ခါတစ်ခါတော့လည်း စိတ်ညစ်လွန်းလို့ ရူးသွားမလားလို့တောင် ထင်ရပါတယ်။ ဒီကြားထဲမှာ မကောင်းတဲ့လူကလည်း မကောင်းဘူး၊ မသိတတ်တဲ့လူကလည်း မသိတတ်ဘူး၊ ထောက်ထားညှာတာစရာရှိသမျှကို ပစ်ပယ်ပြီး ကိုယ်စိတ်ချမ်းသာဖို့ သက်သက်လောက်ကိုသာ လုပ်နေကြတဲ့လူတွေကလည်း ရှိနေတယ်။ အဲဒီအကြောင်းတွေကို ပြောရင် ကိုယ့်ပေါင်ကို ကိုယ်လှန်ထောင်းသလို ဖြစ်နေတယ်။ ပြောလည်း မပြောအပ်ပါဘူး၊ ငရဲအိုးကြီးမှာကိုလည်း ကျွန်မ အင်မတန် ကြောက်ပါတယ်"

ကျွန်တော်သည် ခင်စောကြူ၏ မျက်နှာလေးကိုပင် မကြည့်ရဲလောက်အောင် ဖြစ်လာမိ၏။ သူပြောသမျှကို ယုံကြည်ရန် စိတ်ပိုင်းဖြတ်ပြီး ဖြစ်သောကြောင့်လည်း သူ့အတွက် စိတ်ထဲတွင် လှိုက်လှဲစွာ ဝမ်းနည်းနေမိ၏။

"ဒါပါပဲ ဆရာရယ်၊ ပြောချင်တယ်ဆိုတာက စိတ်ထဲမှာသာ ရှိနေတာပါ။ တကယ်တော့လည်း ဘာမှပြောလို့ထွက်တာ မဟုတ်ပါဘူး" ခင်စောကြူက မျက်လွှာကိုချရင်း ပြောနေရာမှ ရုတ်တရက်ခေါင်းမော့ကာ ဆက်ပြော၏။ "ဒါပေမဲ့ ဆရာ့မိတ်ဆွေပေးတယ်ဆိုတဲ့ ဆွဲကြိုးနဲ့ လက်ကောက်ဆိုတာကို ကျွန်မ မယူခဲ့ဖူးဘူး၊ ဘယ်ယောကျ်ားပေးတဲ့ လက်ဆောင်ပဏ္ဏာကိုမှလည်း ကျွန်မလက်နဲ့ လက်ခံပြီး ယူခဲ့တာရယ်လို့ မရှိဖူးဘူး။ ဒါကိုတော့ ဆရာယုံပါ"

ကျွန်တော်သည် ခေါင်းကို ညိတ်လိုက်မိ၏။ နောက်ထပ်ဘာများ ဆက်ပြောဦးမလဲဟု ငြိမ်၍နားထောင်နေသော်လည်း ခင်စောကြူသည် ဘာမှဆက်မပြောတော့ပေ။ ထိုအခါ ကျွန်တော်က "မခင်စောကြူလက်နဲ့

mgyoe.com

mgyoe.com


ဘာကိုမှ လက်ခံပြီးယူခဲ့တာ မဟုတ်ရင် (မရှိတော့ဘူး၊ ပေါင်ထားတယ်၊ ပေါင်ထားတာကိုလည်း မရွေးနိုင်တော့ဘူး) ဆိုတဲ့ ကိုထွန်းအောင် ကြိုးနဲ့ လက်ကောက်ဟာ ဘယ်ရောက်သွားသလဲ" ဟူသော အမေးစကားတစ်ခွန်းလောက်ကို မေးလိုက်ချင်သေး၏။ သို့သော် ခင်စောကြူ စိတ်မချမ်းသာမှန်းကို သိသောကြောင့် ဆက်၍ မမေးချင်လောက်အောင် ဖြစ်ခဲ့ရ၏။

နောက်ဆုံးတွင်မှ ကျွန်တော်က ထိုင်ရာမှထ၍ သူ့ကို နှုတ်ဆက်ပါသည်။ မခင်စောကြူပြောသမျှကို ကျွန်တော် ယုံပါတယ်ဟူ၍လည်း အာမခံမိ၏။ "ဖြစ်နိုင်တဲ့အခါကျရင် မခင်စောကြူတို့လို နာမည်ပျက်နေတဲ့ မိန်းကလေးတစ်ယောက်အကြောင်းကို ကျွန်တော် စာတစ်ပုဒ်ရေးပေးပါ့မယ်။ မခင်စောကြူအတွက် ကျွန်တော်ပေးနိုင်တဲ့ လက်ဆောင်ပေါ့ ခင်ဗျာ၊ ဒါပေမဲ့ ဒီလက်ဆောင်ကိုလည်း မခင်စောကြူသဘောအတိုင်း မခင်စောကြူလက်နဲ့ လှမ်းယူစရာ မလိုပါဘူး၊ စာအုပ်တစ်အုပ်မှာ တွေ့တဲ့အခါသာ ဖတ်ကြည့်ပေါ့"

ခင်စောကြူက ပြုံး၏။ ကျွန်တော်သည် အကောင်းဘက်ကပြောနေခြင်း ဖြစ်ကြောင်းကိုလည်း သူသဘောပေါက်ဟန် တူ၏။ သူ့အကြောင်းကို မကောင်းရေးမည်မဟုတ်ကြောင်း သဘောပေါက်၍သာ ဤအပြုံးမျိုးကို ပြုံးနိုင်ခြင်းဖြစ်ဟန်တူ၏။

နောက်တစ်နေ့၌မူ ကိုထွန်းအောင်ကို ကျွန်တော် သွားတွေ့လေသည်။ ထိုနောက် သနားစရာကောင်းသော ခင်စောကြူ၏အဖြစ်ကို ကျွန်တော်က ပြောပြ၏။ ခင်စောကြူသည် အဘယ်မျှ စိတ်ဆင်းရဲနေရှာကြောင်းလည်း ပြောပြမိ၏။ ထိုအခါ ကိုထွန်းအောင်က ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ရင်း ရယ်၏။ "ဒါပေမဲ့ ကျွန်တော့်ပစ္စည်းကိုတော့ ပြန်ပေးမယ်လို့ မပြောဘူးမဟုတ်လား"

"ခင်ဗျားပစ္စည်း မရတဲ့အပြင် ကျုပ်တောင် ကြားထဲက ငွေ ၁၀ကျပ်

mgyoe.com

mgyoe.com


ကုန်ခဲ့သေးတယ်"

"ကိုင်း ကျွန်တော် မပြောဘူးလား၊ ခင်ဗျားကို ချိန်းတယ်ဆို ကတည်းက မြူစရာလူကုန်လို့ ခင်ဗျားကို ချိန်းတာပါလို့ မပြောဘူးလား"

"နေစမ်းပါဦးဗျ၊ အဘွားကြီးဟာ တနင်္ဂနွေနေ့ဆိုရင် အိမ်မှာ မရှိဘူး။ ဘာလုပ်တတ်သလဲ၊ ဖဲများ ရိုက်သလား"

"ဟုတ်တယ်...၊ ဒါပေမဲ့ အဘွားကြီးက အင်မတန် စိတ်ကောင်းပါတယ်၊ သမီးလုပ်တဲ့ကောင်မကသာ ရုပ်ကလေးတပြပြနဲ့ မျောက်ပြပြီး ဆန်တောင်းနေတာ"

"ဒီလို မပြောပါနဲ့ဗျာ၊ ကောင်မကလေးက ခင်ဗျားတို့ဆီက ဘာမှ မတောင်းပါဘူးတဲ့၊ ခင်ဗျားတို့ကသာ မနေနိုင်မထိုင်နိုင်ဖြစ်ပြီး ပေးကြကမ်းကြတာပါတဲ့"

"လက်စသတ်တော့ ခင်ဗျားပါ ခင်စောကြူမှိုင်း မိလာပြီကိုး။ ဒီအတိုင်းဆိုရင် ငွေ ၁၀ ကျပ်နဲ့ အဆုံးသတ်ဦးမှာ မဟုတ်ဘူး"

"ပြီးတော့လည်း ကောင်မလေးဟာ ခင်ဗျားတို့ဆီက ဘာလက်ဆောင်မှ မယူဖူးပါဘူးတဲ့၊ ကောင်မလေးဟာ တော်ရှာပါတယ်၊ အင်မတန်လည်း ကောင်းကောင်းမွန်မွန် နေချင်ရှာပါတယ်၊ မျောက်ပြပြီး ဆန်တောင်းတယ် ဆိုတာဟာလည်း မဟုတ်ရှာပါဘူး"

"ဟ ခင်ဗျား ဘယ်လိုဖြစ်လာတာလဲ၊ သူတို့တိုက်လိုက်တဲ့ ကော်ဖီတို့ လက်ဖက်ရည်တို့များ သောက်လာသေးသလား"

"တိုက်တောင် မတိုက်ပါဘူးဗျာ"

"နို့ ဘာဖြစ်လို့ ဒါတွေကိုပြောပြီး ဒီကောင်မကို ကာကွယ်နေရတာလဲ၊ ကျွန်တော့်ဆီက ဘာမှမရပါဘူးလို့ သူက ပြောလိုက်ပြန်ပလား။ ဟိုတစ်နေ့ကတော့ ခင်ဗျားရှေ့မှာပဲ ပေါင်ထားတယ်၊ ပြန်မရွေးနိုင်ဘူးလို့ ပြောလိုက်တယ် မဟုတ်လားဗျ"

mgyoe.com

mgyoe.com


"ဟုတ်တယ်လေ... ပေါင်ထားတာ၊ မရွေးနိုင်တာက တစ်ကိစ္စပဲဗျ။ ခင်ဗျားဆီက သူမရတာက တစ်ကိစ္စပဲ"

"နို့... ခင်ဗျားတောင် ငွေ ၁၀ ကျပ် ပေးခဲ့ရသေးတယ်ဆို၊ ခင်ဗျား ဘာတွေပြောနေတာလဲ"

"ဩော်... ခက်ပါဘိ ကိုထွန်းအောင်ရာ၊ ကောင်မလေးက သူဟာ ဘယ်သူ့ဆီကမှ လက်ဆောင်မယူဖူးဘူးလို့ ပြောနေတာပဲ၊ ကျွန်တော် ကိုယ်တိုင်လည်း သူ့ကိုပေးရတာ မဟုတ်ဘူးဗျ၊ သူ့အမေကို ပေးခဲ့ရတာ"

ထိုအခါတွင်မှ ကိုထွန်းအောင်သည် ကျွန်တော်ဆိုလိုသောသဘောကို ရိပ်စားမိဟန်ဖြင့် ငြိမ်သွား၏။

"ခင်ဗျားလည်း ကြိုးနဲ့ လက်ကောက်ကို သူ့အမေလက်ထဲပဲ ထည့်ခဲ့တာမဟုတ်လား"

ကိုထွန်းအောင်သည် အတန်ကြာလောက်အောင် စဉ်းစားနေပြီးမှ ခေါင်းကိုညိတ်ပြရှာသည်။

"အဲဒါပဲပေါ့ဗျာ၊ ကောင်မလေးဟာ သူ့အမေမကောင်းကြောင်းကို တောင် ထုတ်ပြီး မပြောရှာဘူးဗျ၊ အင်မတန် ချီးမွမ်းဖို့ကောင်းတဲ့ ကောင်မလေးပဲ။ ဒါကြောင့်လည်း သူ စိတ်ညစ်တာပဲ။ ခင်ဗျားတို့ကသာ သမီးကိုလိုချင်တိုင်း သမီးအတွက် သမီးအတွက်ဆိုပြီး အမေကို လာဘ်ထိုးကြတာမဟုတ်လား"

ကိုထွန်းအောင်သည် ငြိမ်နေလေသည်။

"မျောက်ပြပြီး ဆန်တောင်းနေတာက ခင်စောကြူမဟုတ်ဘူးဗျ၊ သူ့အမေ... သူ့အမေ..."

မြဝတီ၊ ဇန်နဝါရီ ၁၉၅၈။

○

mgyoe.com



mgyoe.com

mgyoe.com

# သနားစရာ ပုံပြင်ပါ

အမှန်ပင် သူသည် သွားရပေဦးတော့မည်။ ဤသည်မှအပလည်း သူ့တွင် အခြားပြုဖွယ်ရာဟူ၍ မရှိ၊ သူ့အတွက် သတ်မှတ်ထားသော နေ့ရက်များသည် စေ့မြောက်ပြန်ပေပြီ။ အချိန်သည်လည်း ကုန်ဆုံးပြန်ပေပြီ၊ သို့ကြောင့်လည်း သူသည် ဤနေရာ ဤဒေသမှ လွန်မင်းစွာ ဝေးကွာသော အခြားအရပ်ဒေသတစ်ခုခုဆီသို့ အမြန်ဆုံး သွားရောက်ရပေဦးတော့မည်။

သူ၏ သားရေသေတ္တာမှာ ထုပ်ပိုးပြင်ဆင်ပြီးပေပြီ။ သူသည် ရေမိုးချိုးကာ ကောင်းမွန်သပ်ရပ်သော အဝတ်အစားများကို ဝတ်စားဆင်ယင်ပြီးဖြစ်၏။ သူ့ခေါင်းကိုလည်း ကျနစွာ ဖြီးထား၏။ သူ့တစ်ကိုယ်လုံးတွင် ကြေးညှော်ဟူ၍ တစ်စက်တလေမျှ မရှိ။ သူသည် အလွန်သန့်ပြန့်သော ကလေးငယ်တစ်ယောက်ပင် ဖြစ်၏။ သို့ကြောင့်လည်း ရောက်ရာအရပ်က တွေ့မြင်ရသူတိုင်းပင် သူ့ကို ချစ်ခင်ကြ၏။ သို့သော် ဘာအကြောင်းကြောင့် ဤမျှ သူ့အပေါ်၌ ကောင်းမွန်ကာ သူ့အား အသက်

mgyoe.com

mgyoe.com


ထက်ဆုံး ခင်မင်တွယ်တာလိုကြသော လူအပေါင်းကို စွန့်ခွာခြင်း ပြုရပါမည်နည်း။

မကြာမီဆိုသလိုပင် လူသွားလူလာ နည်းလှသော ကန္တာရစခန်း ဘူတာဝယ် ရွှေမန်းသွား ရထားသည် ခေတ္တခဏဆိုသလို ဆိုက်ရပ်ပေတော့မည်။ ထိုအခါ သူသည် တစ်ဦးတည်းသော ခရီးသည်အဖြစ် ဤကန္တာရစခန်းမှ ရွှေမန်းမြို့ဘက်သို့ ဦးတည်ကာ သွားရောက်ရပေတော့မည်။ သို့သော် ရွှေမန်းမြို့ဆီသို့ ဆိုက်ရောက်မည် မဆိုက်ရောက်မည်ကို သူကိုယ်တိုင်က အာမဝန္တိ ခံယူနိုင်ခြင်းမရှိ၊ သူသည် ရွှေမန်းကို မရောက်မီပင် စခန်းသစ် ချကောင်း ချမည်ဖြစ်၏။ သို့မဟုတ်ပါကလည်း ရွှေမန်းအထက်က မြစ်ကြီးနားတစ်ဖက်ဆီသို့ ရောက်ရှိသွားကောင်း ရောက်ရှိသွားပေလိမ့်မည်။ သူ့အတွက် မည်သူကကော အာမဝန္တိခံယူ နိုင်ပါအံ့နည်း။

မောင်ဖိုးအောင်သည် သူ့ကိုယ်သူ မှန်ထဲတွင်ပြန်၍ ငေးကြည့်နေမိ၏။ အရပ် လေးပေ လောက်မြင့်၍ အသက် ၁၂ နှစ်အရွယ် ကလေးငယ် တစ်ယောက် ဖြစ်သောကြောင့် သူ့မှာ နုပျိုကာ ချစ်စဖွယ်ဖြစ်နေ၏။ သန့်သန့်ပြန့်ပြန့် ဝတ်စားဆင်ယင်တတ်သော ကလေးတစ်ယောက်ဖြစ်သောကြောင့်လည်း ပို၍နှစ်လိုဖွယ်ရာ ဖြစ်နေ၏။ ကျေနပ်ထိုက်သော အခြေအနေမျိုး ဖြစ်ကြောင်းလည်း သိသာသည်။ သို့သော် မောင်ဖိုးအောင်သည် သူ့ကိုယ်ကိုသူ မှန်ထဲတွင်ကြည့်နေရာမှ ကြည့်ရင်းကြည့်ရင်းပင် ရွံမုန်းလာမိ၏။ သူ့အရိပ်ကိုသူ မကြည့်လို မမြင်လိုလောက်အောင်လည်း ရွံမုန်းခြင်းဖြစ်မိ၏။ တတ်နိုင်ပါက မှန်ထဲတွင် တွေ့မြင်ရသော သူ့အရိပ်ကိုပင် သူပြန်၍ ချေမှုန်းပယ်ဖျက်လိုက်ချင်၏။ မောင်ဖိုးအောင်သည် သူ့အရွယ်ကလေးနှင့် ဤမျှပင် သူ့အရွယ်အစားနှင့် သူ့ရုပ်ရည်ကို ရွံ့မုန်းလျက်ရှိလေသည်။

mgyoe.com

mgyoe.com


"မောင်ဖိုးအောင် သားရေ၊ အိမ်ရှေ့ခန်းကို ထွက်ပါဦးကွယ်"

အိမ်ရှေ့ခန်းမှ ငိုသံဖြင့် ရောယှက်နေသော အသံတစ်သံ ထွက်ပေါ်လာ၏။

"ဟုတ်ကဲ့ မေမေ"

မောင်ဖိုးအောင်သည် ခုတင်ပေါ်၌တင်ထားသော သူ့သားရေသေတ္တာကလေးကိုဆွဲကာ အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့၏။ အိမ်ရှေ့ခန်းတွင် ထိုင်နေကြသော အသက် ၄၀ မပြည့်တပြည့် လင်မယားနှစ်ယောက်က ဖော်ပြောပြသခြင်းငှာ မစွမ်းနိုင်လောက်သော ဝမ်းနည်းကြေကွဲခြင်းဖြင့် မောင်ဖိုးအောင်၏အပြုအမူကို ငေးမောနေကြရှာ၏။ အပြစ်ကင်းမဲ့သော မျက်နှာလေးဖြင့် ချစ်စဖွယ်ဖြစ်နေရှာသော မောင်ဖိုးအောင်သည် စိတ်မကောင်းဖြစ်နေရှာသော လင်မယားနှစ်ယောက်ကြားတွင် လာရောက်ထိုင်ချလိုက်လေ၏။

"အပျက်အပျက်နဲ့ တကယ်ပဲ သွားရမှာတဲ့လား သားရယ်"

ဒေါ်နှင်းရီက ဖြေမဆည်နိုင်လောက်အောင် ဝမ်းနည်းရာက လက်ထဲတွင်ကိုင်ထားသော လက်ကိုင်ပဝါလေးဖြင့် သူ့မျက်လုံးအစုံကိုတို့ရင်းလှမ်းမေးရှာလေသည်။

"လူတွေက ပြောလှပြီမဟုတ်လား မေမေ၊ ဒီလိုပြောနေကြတဲ့ကြားက ဒီမှာ ဒီအတိုင်း ဆက်နေသွားရင် တစ်နေ့မဟုတ် တစ်နေ့ဆိုသလို တစ်ခုခုဟာလည်း ဖြစ်လာတော့မှာပေါ့"

မောင်ဖိုးအောင်ကလည်း သူ့အရွယ်နှင့် မလိုက်သော ဣန္ဒြေလေးဖြင့် ပြောရှာလေသည်။

"ကျွန်တော်လည်း မေမေတို့ဆီကို ရောက်လာတာ ၅ နှစ် ရှိပါပြီ။ ဒါပေမဲ့ လူတွေက ကျွန်တော့်အကြောင်းကို ရိပ်မိလို့ ခုလိုပြောလာကြတယ်ဆိုရင် ကျွန်တော်ဟာ ဒီရပ်ဒီရွာမှာ မနေအပ်တော့ဘူးဆိုတာကို

mgyoe.com

mgyoe.com


ကျွန်တော့်ဟာကျွန်တော် သဘောပေါက်နိုင်ခဲ့ပါတယ်။ ကျွန်တော့် အတွက် စိုးရိမ်ကြောင့်ကြမှု မဖြစ်ပါနဲ့မေမေ"

"သိပ်ဆန်းတယ်ကွာ၊ ငါတော့ မင်းတို့ပြောတာတွေကို ဘယ်လို တွေးလို့မှ သဘောမပေါက်တော့ဘူး"

ဤသို့လျှင် မောင်ဖိုးအောင်၏ ဖေဖေဆိုသူ ဦးလှသူက ညည်း ညည်းညူညူ ပြောရှာ၏။

"ဒါပေမဲ့ မင်းအနေနဲ့ သွားရမယ်ဆိုရင်တော့ တို့အနေနဲ့ တားပိုင် ခွင့် မရှိဘူးပေါ့ကွယ်။ တို့အဖို့တော့ မင်းကို အမြဲသတိရနေရတော့မှာပဲ"

"ကျွန်တော်ကလည်း မမေ့ပါဘူး ဖေဖေ၊ ဖေဖေတို့ မေမေတို့ဆီက စာကိုဖတ်ရမှာ မဟုတ်ပေမဲ့ ကျွန်တော်ကတော့ ရောက်လေရာအရပ်က ဖေဖေတို့ဆီကို စာရေးပို့ပေးပါ့မယ်"

"အေးပေါ့ကွာ၊ တို့က ရေးပိုင်ခွင့်မရှိပေမဲ့လည်း မင်းအနေနဲ့ ရေး လိုက်တဲ့စာတွေကို ဖတ်ရမယ်ဆိုရင် တစ်မျိုးတော့ စိတ်ဖြေစရာဖြစ်ရမှာ ပေါ့"

ဦးလှသူမှာ ဒေါ်နှင်းရီထက်ပို၍ စိတ်ကို ထိန်းသိမ်းဟန်တူလေ သည်။

"ခုတော့ သိပြီပေါ့ကွာ၊ မင်းကို တို့အနေနဲ့ တားပိုင်ခွင့်မရှိပါဘူး။ ဒီအကြောင်းကိုတောင် မင်းအနေနဲ့ တို့ကိုပြောပြဖို့ မကောင်းပါဘူး။ ဒါပေမဲ့ မင်းကလည်း မင်းဘက်က အလွန်ဆိုတာ မဖြစ်ရလေအောင် ပြောပြတာမို့ မင်းအနေနဲ့ အပြစ်မရှိပါဘူးကွာ"

"ကျွန်တော်တွေ့ဖူးတဲ့ အဖေအမေထဲမှာတော့ ဖေဖေတို့မေမေတို့ လောက် ကျွန်တော့်အပေါ်မှာ ကောင်းခဲ့တဲ့ ဖေဖေ၊ မေမေမျိုးဟာ မရှိသေး ပါဘူး၊ ကျွန်တော်ကိုယ်တိုင်လည်း ဒီအိုးဒီအိမ်ကခွဲခွာပြီး မသွားချင်လှ ပါဘူး"

mgyoe.com

mgyoe.com


ဤသို့လျှင် အရပ် လေးပေထက်မမြင့်သော မောင်ဖိုးအောင် ကလေးက ဖွင့်ဟကာ ပြောရှာလေသည်။

ထိုအချိန်တွင် ချုပ်တည်းရန် မစွမ်းနိုင်ရှာသော ဒေါ်နှင်းရီခမျာမှာ သူ့မျက်နှာကို လက်ကိုင်ပဝါလေးဖြင့်အုပ်ကာ ငိုလိုက်မိရှာလေသည်။

"သားရယ် သားရယ် ဖြစ်မှဖြစ်ရလေကွယ်"

ဒေါ်နှင်းရီသည် ငိုရင်းရှိုက်ရင်းပင် မောင်ဖိုးအောင်ကို ဖမ်းဆွဲကာ သူ့ရင်ခွင်ထဲတွင် ပွေ့ပိုက်ထားလိုက်ချင်သောစိတ်မျိုး ပေါ်ပေါက်မိ၏။ သို့သော် ဤသို့ မပွေ့ရဲ မဖက်ရဲတော့ပေ။ အကြောင်းကိုမသိခင်က မောင်ဖိုးအောင်မှာ သူတို့မွေးစားထားသော သားငယ်တစ်ယောက်ဖြစ်သည် မှန်သော်လည်း မောင်ဖိုးအောင်ကိုယ်တိုင်က အကျိုးအကြောင်းကို ဖွင့်ဟပြောပြီးသည့် အခြားမဲ့၌မူ မောင်ဖိုးအောင်အား သားဟူ၍ ခေါ်ဆိုရမှာကိုပင် ဝန်လေးဖို့ ကောင်းနေပြီဖြစ်ပေသည်။

"ကျွန်တော့်အတွက်လည်း ငါးနှစ်လောက် အတူတူနေခဲ့ပြီးမှ ခုလို ခွဲခွာသွားရမယ်ဆိုတာဟာ သက်သက်သာသာတော့ မဟုတ်ပါဘူး မေမေရယ်"

မောင်ဖိုးအောင်က မျက်လွှာကိုချကာ ပြောရှာလေသည်။

"ကျွန်တော်ဟာ နေသားကျနေပြီ မေမေ၊ ဒီလိုနေသားကျနေလို့လည်း တစ်နေရာမှာပဲ ဆက်ပြီးနေချင်တယ်၊ ဘယ်ကိုမှ မသွားတော့ဘဲ တစ်နေရာတည်းမှာ နေချင်ပါတယ်။ ဒါပေမဲ့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ လူတွေက ကျွန်တော့်အကြောင်းကို ရိပ်မိလာတာနဲ့တစ်ပြိုင်နက် ကျွန်တော့်ကို ကြောက်လာကြတာပဲ။ ကလေးတွေကလည်း ကျွန်တော်နဲ့ ဘယ်သူမှ မကစားချင်ကြတော့ဘူး။ လူကြီးတွေကဆိုရင် ဒီလိုမှန်းမသိလို့ သူတို့ကလေးတွေနဲ့ ဒီလောက်ကြာကြာ အပေါင်းအသင်း လုပ်စေခဲ့တာလို့ ကြောက်ခမန်းလိလိ ပြောကြတယ်။ ဒီလိုနဲ့ပဲ ကျွန်တော်ဟာ

mgyoe.com

mgyoe.com


တစ်ရပ်တစ်ရွာကို ညအချိန်မတော်မှာ စွန့်ခွာလာရတယ်။ ကျွန်တော့် အနေနဲ့လည်း မလွယ်ပါဘူး မေမေရယ်။ ကျွန်တော်ဟာ ဖေဖေတို့ မေမေတို့အပေါ်မှာ ငါးနှစ်လုံးလုံး ကျွေးမွေးစောင့်ရှောက်လာခဲ့တဲ့ ကျေးဇူးကိုလည်း ကျွန်တော့်အနေနဲ့ ပေးဆပ်လို့ မကုန်နိုင်တော့ပါဘူး"

မောင်ဖိုးအောင်သည် သူ့မိဘများအား နောက်ဆုံးအကြိမ်ထိုင်၍ တရိုတသေ ကန်တော့ရှာလေသည်။

"ဘူတာအထိ မေမေတို့ လိုက်ပို့ပါရစေ သားရယ်"

"အို ဒီအပူကို ပိုပွားအောင် ဘာဖြစ်လို့ လုပ်ချင်ရတာလဲ မေမေ"

၁၂ နှစ်အရွယ်သားကပင် အမေကို ပြန်၍တရားချရလေသည်။

"သား အခု ဘယ်ကိုသွားမလဲဟင်"

"မပြောတတ်ဘူး မေမေ၊ ကျွန်တော့်အနေနဲ့ ခရီးစထွက်တာပဲ။ တောတောင်စိမ့်စမ်းနဲ့ သာသာယာယာရှိမယ်ထင်တဲ့ရွာကို ရောက်ရင် ကျွန်တော် ဆင်းလိုက်မှာပဲ။ အဲဒီမှာ ကျွန်တော် နေမှာပေါ့ မေမေ"

"တို့ဆီကိုကော ပြန်လာဦးမလား သားရယ်"

"လာမယ် မေမေ လာမယ်"

မောင်ဖိုးအောင်က ခိုင်မာအောင်မြင်သောအသံဖြင့် ပြန်၍ပြောဆိုသည်။

"နောက် အနှစ် ၂၀ လောက်ကြာရင် ကျွန်တော့်ကို ဒီအရပ်က လူတွေဟာ မေ့သွားကြလိမ့်မယ်။ အဲဒီအခါကျရင် ကျွန်တော် မေမေတို့ဆီကို တစ်ခါတစ်ခေါက်ဆိုသလို ပြန်ပြီးလာခဲ့ပါဦးမယ်။ အဲဒီအခါကျရင် ကျွန်တော့်ကို မွေးစားခဲ့ကြတဲ့ အဖေတွေ အမေတွေအားလုံးကို တွေ့ရအောင် တစ်ခါတစ်ခေါက်တော့ ခရီးရှည်ကြီးထွက်ပြီး လှည့်ပတ်လိုက်ပါဦးမယ်"

သူတို့သည် အိမ်ပေါက်ဝတွင် ရပ်နေမိကြလေသည်။ နွေဦးလေမှာ

mgyoe.com

mgyoe.com


ကွင်းကိုဖြတ်၍ တိုက်ခတ်လျက်ရှိလေသည်။ ဦးလှသူမှာ အိမ်ပေါက်ဝတွင် ဆွဲချိတ်ထားသော ဂမုန်းပင်မှ ဂမုန်းပွင့်ကလေးကို ငေးမောရင်း မောင်ဖိုးအောင်အား နောက်ဆုံးမေးခွန်းတစ်ခုကို အသာအယာ မေးမြန်းမိလေသည်။

"မင်းမှာ မိဘဘယ်နှဦးရှိသလဲ မောင်ဖိုးအောင်၊ တို့လို မင်းကို မွေးစားခဲ့ကြတဲ့ မိဘတွေဟာ ဘယ်နှဦးလောက် ရှိနေပြီလဲ"

"ကျွန်တော်ဟာ မြို့ကြီး သုံးမြို့နဲ့ မြို့ငယ် နှစ်မြို့မှာ အနှစ် ၂၀ ကျော် နေထိုင်ခဲ့တယ်။ ကျွန်တော့်ကိုမွေးစားတဲ့ မိဘတွေဟာလည်း လေး ငါး ဦး ရှိပါပြီ"

ဦးလှသူက သက်ပြင်းတစ်ချက်ကို ချလိုက်၏။ "အင်းပေါ့လေ၊ နောက်ဆုံးတော့ တို့အနေနဲ့ ကလေးတစ်ယောက်မှမရှိဘဲ နေရခြင်းထက် ကလေးတစ်ယောက်ကို ငါးနှစ်လောက် ရထားလိုက်တယ်ဆိုတာက ပိုကောင်းတာပေါ့ကွယ်"

မောင်ဖိုးအောင်သည် သူ့မိဘများကို နောက်ဆုံးအကြိမ် ခေါင်းမော့၍ကြည့်လိုက်မိ၏။ ထို့နောက် ကလေးတစ်ယောက်၏ သွက်လက်ချက်ချာခြင်းဖြင့် လျှင်မြန်စွာပင် သူ့သားရေသေတ္တာလေးကို လှမ်းဆွဲကာ အိမ်ဝင်းအပြင်ဘက်သို့ ခေါင်းငိုက်စိုက်ချ၍ ထွက်ခွာလာခဲ့၏။ သူသည် နောက်ဘက်သို့ ပြန်၍မကြည့်တော့ပေ။

အရပ် လေးပေထက် မမြင့်သော ၁၂ နှစ်အရွယ် ကလေးတစ်ယောက်က သူ့ကိုမွေးစားခဲ့ကြသော မိဘများမှာ ငါးဦးရှိပါပြီဟူ၍ လည်းကောင်း၊ သူသည် မြို့ကြီးသုံးမြို့နှင့် မြို့ငယ်ကလေးနှစ်မြို့တွင် အနှစ် ၂၀ ကျော် နေထိုင်ခဲ့ပါသည် ဟူ၍လည်းကောင်း ပြောသွားသော စကားများမှာ ခပ်ဆန်းဆန်းပင်ဖြစ်ပေသည်။ ၁၂ နှစ်အရွယ် ကလေးငယ်တစ်ယောက်သည် အနှစ် ၂၀ ကျော် ဘယ်ကဲ့သို့ နေထိုင်ပါအံ့နည်း။

mgyoe.com

mgyoe.com


ဦးလှသူကိုယ်တိုင်ကပင် သူ ကြားရသော စကားများအတွက် မယုံနိုင်လောက်အောင်ဖြစ်၍ ဘာကိုမျှ သဘောမပေါက်ခဲ့ကြောင်းကို ဖွင့်ဟဝန်ခံခဲ့ရလေသည်။ သို့သော် အဖြစ်မှန်ကို မောင်ဖိုးအောင်ကိုယ်တိုင်က ပြောပြနိုင်ခဲ့သည်ဖြစ်သောကြောင့် နောက်ဆုံးတွင် သူတို့ကိုယ်တိုင်က မောင်ဖိုးအောင် စိတ်အလိုကျအတိုင်း ဖြစ်မြောက်စေရန် မောင်ဖိုးအောင် သွားလိုရာသို့ စေလွှတ်ခဲ့ရခြင်းဖြစ်ပေသည်။

မောင်ဖိုးအောင်သည် လမ်းပေါ်ဝယ် ခေါင်းကို ငိုက်စိုက်ချကာ တဖြည်းဖြည်း လျှောက်လာခဲ့လေသည်။ လမ်းပေါ်တွင် ကလေးတစ်အုပ်သည် ဘောလုံးကန်၍ ကစားနေကြလေသည်။ သူသည် လမ်းဘေးက မြက်ခင်းပေါ်သို့တက်ကာ လျှောက်လာခဲ့လေသည်။ သူသည်လည်း အရင်က ဤလမ်းပေါ်တွင် အခြားကလေးများနှင့်အတူ ဘောလုံးကန်၍ ကစားခဲ့ဖူး၏။ သို့သော် ယခင်က သူနှင့်ရွယ်တူကလေးများသည် ယခုအခါ လမ်းမပေါ်၌ ကစားကြခြင်း မရှိတော့ပေ။ လွန်ခဲ့သည့် ၄–၅ နှစ်က သူနှင့်သက်တူရွယ်တူ ဖြစ်ခဲ့ကြသော ကလေးများသည် ယခုအခါ လူပျိုပေါက်ဖြစ်ကာ လမ်းမများပေါ်၌ ကစားရမည်ကို ရှက်ကြောက်ကုန်ကြပြီဖြစ်၏။ ယခုအခါ လမ်းမပေါ်၌ ကစားနေကြသူများမှာ ယခင်က အိမ်ထဲ၌နေရသောကလေးများ ဖြစ်ကြပေသည်။ သို့မဟုတ်ပါကလည်း လမ်းဘေးများ၌သာ ကစားရတတ်သော ကလေးများ ဖြစ်ကြပေသည်။ ယခုမူ ထိုသို့သောကလေးငယ်များသည်ပင် မောင်ဖိုးအောင်၏အရွယ်သို့ ရောက်ရှိလာကြပြီဖြစ်၏။ မောင်ဖိုးအောင်သည်သာ လွန်ခဲ့သည် ၄–၅ နှစ်က အရွယ်အစားအတိုင်းပင် မပြောင်းမလဲ တည်ရှိနေခဲ့ခြင်း ဖြစ်ပေသည်။

ဤသည်ကြောင့်ပင် အသက်အရွယ်ကော အရွယ်အစားပါ မပြောင်းလဲသလို ဖြစ်နေခဲ့သော မောင်ဖိုးအောင်အတွက် အခြားလူကြီး

mgyoe.com

mgyoe.com


များက ဆေးကောင်းဝါးကောင်းလေးများ တိုက်ကျွေးရန် ဦးလှသူတို့အား အကြံဉာဏ်များ ပေးခဲ့ကြလေသည်။ "မောင်ဖိုးအောင်ဟာ အရပ်အမောင်း လည်း မတက်ပါလား ကိုဘလှရဲ့၊ ကလေးကို ဆရာဝန်လေးဘာလေး ပြပြီး ဆေးလေးဝါးလေး တိုက်ကျွေးပါဦးလား"

သက်တူရွယ်တူများက ဆိုလျှင်လည်း မောင်ဖိုးအောင်အား အရပ်ပု၍ ကျန်ရစ်ခဲ့သည်ဟု အထင်ရောက်ကာ လူပုလေးတစ်ယောက်ဟု နောက်ပြောင်တတ်ကြပေသည်။ သို့သော် အမှန်မှာ မောင်ဖိုးအောင်သည် အရပ်ပု၍ကျန်ရစ်ခြင်း မဟုတ်ပေ။ အရပ်ပု၍ ကျန်ခဲ့ရိုးမှန်ပါလျှင်လည်း မောင်ဖိုးအောင်၏မျက်နှာမှာ ကြီးရင့်လာသော အသက်နှင့်ယှဉ်၍ တစ်နှစ်ထက်တစ်နှစ် ရင့်မာလာရမည် ဖြစ်ပေသည်။ ယခုမူ မောင်ဖိုးအောင်၏ မျက်နှာမှာ လွန်ခဲ့သည့် လေးငါးနှစ်ကအတိုင်းပင် မပြောင်းလဲဘဲ တည်မြဲနေ၏။ ကြာသော် မောင်ဖိုးအောင်၏အပေါ်၌ပင်လျှင် တစ်စုံတစ်ယောက်သောသူသည် ယုံမှားသံသယ ဖြစ်လာရလေသည်။

ဤသည်မှာ ဖြစ်ရိုးဖြစ်စဉ်အတိုင်းပင် ဖြစ်ပေသည်။ ဘယ်မြို့ဘယ်ရွာ၌မဆို မောင်ဖိုးအောင်သည် လေးငါးခြောက်နှစ်မျှ နေထိုင်ပြီးသည့်အခါ ဤအတိုင်းပင် တွေ့ကြုံရစမြဲပင် ဖြစ်ပေသည်။ သူနှင့်သက်တူရွယ်တူများမှာ ကြီးရင့်သွား၍ သူသည်သာ အရွယ်ဟောင်းအတိုင်း မပြောင်းလဲဘဲ ကြွင်းကျန်ရစ်၏။ ထိုအခါ သူသည် ထိုမြို့ထိုရွာမှထွက်ခွာကာ မြို့သစ်၊ ရွာသစ်သို့ လာရောက်ခဲ့ရ၏။ ဘယ်မြို့၊ ဘယ်ရွာ၌မဆို သားသမီးမရှိသောကြောင့် သားသမီးလိုချင်လျက်ရှိကြသော အိမ်ထောင်စုဟူ၍ ရှိတတ်သည်။ မောင်ဖိုးအောင်မှာလည်း ထိုသို့သော အိုးအိမ်မျိုးသို့သွားရောက်ရသည်။ ထိုအခါ သားသမီးလိုချင်သူများသည် လူရည်သန့်သော မောင်ဖိုးအောင်လေးကို နှစ်သက်လိုလားစွာ ကောက်ယူမွေးစားကြသည်။ သို့သော် ကြာရှည်ခင်မင် တွယ်တာခွင့် မရရှာကြပေ။ နောက်

mgyoe.com

mgyoe.com


လေးငါးနှစ်ကြာသော် မောင်ဖိုးအောင်မှာ ပြောင်းလဲကုန်သော သူ၏ ကစားဖော် ကစားဖက်များကြောင့်သော်လည်းကောင်း၊ တစ်စုံတစ်ယောက်သောသူက သူ့အပေါ်၌ သံသယ မကင်းသောကြောင့်လည်းကောင်း၊ သူ နေထိုင်ခဲ့ဖူးသော မြို့ဟောင်းရွာဟောင်းတစ်ခုခုမှ တစ်စုံတစ်ယောက်သောသူက သူ့ကို တွေ့မြင်သွားသောကြောင့်သော်လည်းကောင်း သူသည် ထိုမြို့ ထိုရွာကို စွန့်ခွာသွားရပြန်၏။ ဤသည်မှာလည်း မောင်ဖိုးအောင်၏ မပြောင်းလဲသောဘဝ ဖြစ်ခဲ့ပေသည်။

"ဟ ဖိုးအောင်ကြီး၊ သေတ္တာတွေ ဘာတွေနဲ့ ဘယ်သွားမလို့လဲကွ"

မောင်ဖိုးအောင် လမ်းလျှောက်လာရာ မြက်ခင်းဘက်သို့ ဘောလုံးမှာ လိမ့်လာသောကြောင့် တစ်ဖက်မှနေ၍ ဂိုးစောင့်နေသော ညိုဂုဏ် ဘောလုံးကို လာပြေးကောက်၏။ ထိုသို့ကောက်ရင်း မောင်ဖိုးအောင်ကို မြင်လိုက်သောကြောင့် ညိုဂုဏ် အံ့သြစွာ မေးလိုက်မိခြင်းဖြစ်ပေသည်။

ညိုဂုဏ်မှာ ယခင်က မောင်ဖိုးအောင်နှင့် ကစားဖက်ဖြစ်သော ငဖြူ၏ ညီငယ်ဖြစ်၏။ ငဖြူမှာ ဆယ်တန်းအောင်၍ ကောလိပ်ကျောင်းသို့ပင် ရောက်ရှိသွားပေပြီ။ သူ့ညီညိုဂုဏ်မှာလည်း ယခုနှစ်တွင် ၇ တန်း စာမေးပွဲကို ဖြေဆိုမည်ဖြစ်၏။

မောင်ဖိုးအောင်သည် ညိုဂုဏ်၏အရပ်အမောင်းကိုပင် မော့၍ကြည့်နေရ၏။ အရင်က မောင်ဖိုးအောင်ထက် လွန်မင်းစွာ အရပ်နိမ့်သော ညိုဂုဏ်၏ အရပ်အမောင်းသည်ပင် ယခုအခါ မိုးပေါ်သို့ ထိုးထိုးထောင်ထောင် တက်နေသည် မှတ်ထင်ရ၏။

"ငါတို့ဦးလေးဆီကို အလည်သွားမလို့ကွ" မောင်ဖိုးအောင်က ညိုဂုဏ်ကို ဤသို့ပင် အဖြေပေးလိုက်ရလေသည်။

ခပ်လှမ်းလှမ်းမှ ကလေးတစ်ယောက် ညိုဂုဏ်ကို လှမ်းခေါ်နေ၏။ "ဟေ့ကောင် ဘောလုံးကို မြန်မြန်ကောက်ခဲ့ပါကွ၊ မင်းက လူစဉ်မမီတဲ့

mgyoe.com

mgyoe.com


ကောင်နဲ့ အလကား ရပ်ပြီး စကားပြောနေတာကိုးကွ"

အခြားကလေးများက ဝိုင်းရယ်ကြလေသည်။ ဟုတ်သည်၊ မောင်ဖိုးအောင်မှာ သူတို့နှင့် ရွယ်တူတန်းတူပင် မဟုတ်တော့ပေ။ အရင်က အစ်ကိုအရွယ်ဖြစ်ခဲ့သော မောင်ဖိုးအောင်သည် ယခုအခါ သူ့တို့ ညီငယ်အရွယ်အစားပင် ရှိတော့သည်မဟုတ်ပေ။

မောင်ဖိုးအောင်သည် ခေါင်းကိုစိုက်ကာ ကစားနေကြသော ထိုကလေးတစ်သိုက်ကို ဖြတ်ကျော်ခဲ့ရပြန်လေသည်။ လွန်ခဲ့သည့် တစ်နှစ်နှစ်နှစ်လောက်ကဆိုလျှင် ဤကလေးများသည် သူ့အား ကစားဖော်ကစားဖက်ဟူ၍ အသိအမှတ် ပြုခဲ့ကြသေးသည် မဟုတ်လား။ ယခုမူ ပစ်ပယ်ကြပြန်ပေပြီ။ တစ်နေ့နှင့်တစ်နေ့ တစ်လနှင့်တစ်လ မတူနိုင်လောက်အောင် တိုးတက်ပြောင်းလဲနေသော ဤလောကအတွင်းဝယ် တိုးတက်ပြောင်းလဲခြင်းမရှိသော မောင်ဖိုးအောင်၏ဘဝမှာလည်း ဝမ်းနည်းကြေကွဲဖွယ်ရာပင် ဖြစ်ပေ၏တကား။

မောင်ဖိုးအောင်သည် ဘူတာဘက်သို့ ဦးတည်လမ်းလျှောက်ရင်းပင် လွန်လေပြီးသောအတိတ်က အကြောင်းကိစ္စများကို ပြန်ပြောင်း စဉ်းစား လာခဲ့မိလေသည်။ လွန်လေပြီးသော အနှစ် ၂၀ လောက်ကဆိုလျှင် ၁၉၃၈ ခုနှစ်လောက်ကို ဆိုလိုခြင်းဖြစ်သည်။ သူသည် မန္တလေးတွင် နေထိုင်ခဲ့ဖူးသည်။ ၁၉၄၂ ခုနှစ်လောက်က သူသည် ပခုက္ကူသို့ ရောက်ရှိခဲ့သည်။ ဂျပန်ခေတ်အတွင်းက သူသည် မေမြို့ကို ရောက်ရှိသည်။ ၁၉၄၆–၁၉၅၀ ခု၊ အို... သည်အကြောင်းများကို ပြန်ပြောင်းတွေးတော နေ၍ကော ဘာအကြောင်း ထူးပါတော့အံ့နည်း။

လူတွေကမူ သူ့ကို ကလေးတစ်ယောက်ဟု ထင်ကြသည်။ ပြောင်းလဲကြီးထွားခြင်းမရှိသော သူ့ကိုယ်လုံးကိုယ်ထည်နှင့် မျက်နှာထားကို ကြည့်ကာ ၁၂ နှစ်အရွယ် ကလေးငယ်တစ်ယောက်ဟူ၍ပင် ထင်မြင်ကြ

mgyoe.com